# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးများအား ငွေကြေးအထောက်အပံ့ပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး၌ မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မော်တော်ယာဉ်ဝယ်ယူပြီးနောက် အမည်ပေါက်ပြောင်းလဲရာတွင် အခွန်စိမ်းပြသ အခွန်ဆောင်ပြီးမှ အမည်ပြောင်းလဲခွင့်ပြုခြင်းကို ကညနမှ ဖြေလျှော့ဆောင်ရွက်ပေးပြီး မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် နောက်ကျောပါ သတိပြုရန်အချက်များ အမှတ်စဉ်(၈)တွင် မော်တော်ယာဉ်ဝယ်ယူသူမှ တရားဝင် ပိုင်ဆိုင်ကြောင်း တရားရုံးတွင် သက်သေခံနိုင်သည်အထိ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်မည့်စီမံချက်မျိုး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | နိုင်ငံတော်သမ္မတရုံး၏အထူးရန်ပုံငွေမှ ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအတွက် ငွေကျပ်သန်းပေါင်း ၆၄၂၆ သန်း သုံးစွဲခြင်းသည် မည်သူများက မည်သည့်ဥပဒေအရ မည်သည့်အတိုင်းအတာအထိ မည်သို့သော အကြောင်း အရာများစောင့်ကြည့်၍ မည်သို့အပြစ်ပေး အရေးယူမည်ဖြစ်ပြီး ဤလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိနှင့် နိုင်ငံတော်သမ္မတရုံး၏ အထူးရန်ပုံငွေသုံးစွဲမှု မူဝါဒနှင့်ကိုက်ညီခြင်းရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | လယ်ဝေးမြို့နယ်ရှိ အာဆီယံပြည်ထောင်စုလမ်းမကြီးနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းသို့ ဆက်သွယ် ဖောက်လုပ်ထားသည့် ရွှေပြည်တော်ဝင်လမ်းပေါ်တွင် အများပြည်သူ သွားလာ၍မရအောင် ပိတ်ဆို့ထားသည့် ရထားသံလမ်းကူးဂိတ်အတားအဆီးအား ပြန်လည်ဖွင့်လှစ် | ၁၇ |

ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း

၉ မော်တော်ယာဉ်လိုင်စင်သက်တမ်းတိုးရန် ယာဉ်စစ်ဆေးရေးဌာန(Vehicle Inspection Centers) များကို ပုဂ္ဂလိကပြုလုပ်၍ သတ်မှတ်ချက်နှင့် ညီသော ကားပြင်ဝန်ဆောင်မှုများကို စည်းကမ်းများအတိုင်း ဆောင်ရွက် စေသည့်စနစ် အကောင်အထည် ဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၀

၁၀ ပုဏ္ဏားကျွန်းမြို့နယ်၊ တောဖျားချောင်းဒေသ၊ ဆင်သီပိန္နဲတော ကျေးရွာဆိပ်ကမ်း၌ ပြိုကျပျက်စီးသွားသော ကမ်းထိန်းနံရံ ၁၅၀ ပေနှင့် ကမ်းပြိုမြေ ၁၃၀၀ ပေခန့်တို့ကို စနစ်တကျတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၃

၁၁ ရန်ကုန်ဘူတာကြီးကို အခြေပြု၍ပြေးဆွဲနေသော မြို့ပတ်ရထား ပြေးဆွဲမှုနှင့်လမ်းများ၊ ဘူတာရုံများကို မည်သည့် အဖွဲ့အစည်းနှင့်ပေါင်း စပ်၍ မည်သို့အဆင့်မြှင့်တင်နေသည်ဆိုသည့် စီမံကိန်းများကို ပွင့်လင်း မြင်သာအောင် ရှင်းလင်းတင်ပြရန်နှင့် မည်သည့်ခုနှစ်တွင် ပြီးစီးအောင် အကောင်အထည် ဖော်မည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း ၂၆

၁၂ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံသဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန် မျိုးစိတ် များအား ဒေသခံပြည်သူတို့၏ အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြင့် ပိုမိုအင်အား ဖြည့်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာ သစ်တောဦးစီး ဌာန၏ ဝန်းကျင်/သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲကာ အနာဂတ် မြန်မာ တိုင်းရင်းသား သားသမီးမြေးမြစ်တို့အကျိုးအတွက် ရေရှည်တည်တံ့ ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအား ဝိုင်းဝန်း ကူညီ ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပ အရင်း အမြစ်များကို ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ ဂေဟာခရီးသွားစနစ် တိုးတက်စေရန်အတွက် လည်းကောင်း၊ စီမံချက် များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက် တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၃၂

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော် သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း နှင့်ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည် ၃၈

စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

| | | |
|---|---|---|
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၅ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## ပဉ္စမနေ့ အစီအစဉ်

## [ ၂၀–၁၁–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းစဉ်တွင် ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များ နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးများအား ငွေကြေးအထောက်အပံ့ပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး၌ မည်သည့် အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မော်တော်ယာဉ် ဝယ်ယူပြီးနောက် အမည်ပေါက်ပြောင်းလဲရာတွင် အခွန်စိမ်းပြသ အခွန်ဆောင်ပြီးမှ အမည်ပြောင်းလဲခွင့်ပြုခြင်းကို ကညနမှ**

**ဖြေလျှော့ဆောင်ရွက်ပေးပြီး မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်နောက်ကျောပါ သတိပြုရန်အချက်များ အမှတ်စဉ် (၈)တွင် မော်တော်ယာဉ်ဝယ်ယူသူမှ တရားဝင်ပိုင်ဆိုင်ကြောင်း တရားရုံးတွင် သက်သေခံနိုင်သည်အထိ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်မည့် စီမံချက်မျိုး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၏ **နိုင်ငံတော်သမ္မတရုံး၏ အထူးရန်ပုံငွေမှ ဆိုရှယ်မီဒီယာ စောင့်ကြည့်ရေးအတွက် ငွေကျပ်သန်းပေါင်း ၆၄၂၆ သန်း သုံးစွဲခြင်းသည် မည်သူများက မည်သည့်ဥပဒေအရ မည်သည့်အတိုင်းအတာအထိ မည်သို့သော အကြောင်းအရာများ စောင့်ကြည့်၍ မည်သို့အပြစ်ပေး အရေးယူမည်ဖြစ်ပြီး ဤလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှု ရှိ၊မရှိနှင့် နိုင်ငံတော် သမ္မတရုံး၏ အထူးရန်ပုံငွေ သုံးစွဲမှု မူဝါဒနှင့် ကိုက်ညီခြင်းရှိ၊ မရှိ သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **လယ်ဝေးမြို့နယ်ရှိ အာဆီယံပြည်ထောင်စုလမ်းမကြီးနှင့် ရန်ကုန်–မန္တလေးလမ်းဟောင်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ရွှေပြည်တော်ဝင်လမ်းပေါ်တွင် အများပြည်သူသွားလာ၍မရအောင် ပိတ်ဆို့ထားသည့် ရထားသံလမ်းကူးဂိတ် အတားအဆီးအား ပြန်လည် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **မော်တော်ယာဉ်လိုင်စင်သက်တမ်းတိုးရန် ယာဉ်စစ်ဆေးရေးဌာန (Vehicle Inspection Centers) များကို ပုဂ္ဂလိကပြုလုပ်၍ သတ်မှတ်ချက်နှင့်ညီသော**

**ကားပြင်ဝန်ဆောင်မှုများကို စည်းကမ်းများအတိုင်း ဆောင်ရွက်စေသည့်စနစ် အကောင်အထည်ဖော်ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ်၊ တောဖျားချောင်းဒေသ၊ ဆင်သီပိန်နှဲတောကျေးရွာဆိပ်ကမ်း၌ ပြိုကျပျက်စီးသွားသော ကမ်းထိန်းနံရံ ၁၅၀ ပေ နှင့် ကမ်းပြိုမြေ ၁၃၀၀ ပေ ခန့်တို့ကို စနစ်တကျတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **ရန်ကုန်ဘူတာကြီးကို အခြေပြု၍ပြေးဆွဲနေသော မြို့ပတ်ရထား ပြေးဆွဲမှုနှင့် လမ်းများ၊ ဘူတာရုံများကို မည်သည့်အဖွဲ့အစည်းနှင့် ပေါင်းစပ်၍ မည်သို့အဆင့်မြှင့်တင်နေသည်ဆိုသည့် စီမံကိန်းများကို ပွင့်လင်းမြင်သာအောင် ရှင်းလင်းတင်ပြရန်နှင့် မည်သည့်ခုနှစ်တွင်ပြီးစီးအောင် အကောင်အထည်ဖော်မည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က **"ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံသဘာဝထိန်းသိမ်းရေး နယ်မြေများ အပါအဝင် နိုင်ငံတစ်ဝန်းသဘာဝ ထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား ဒေသခံပြည်သူတို့၏ အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာသစ်တောဦးစီးဌာန၏ ဝန်းကျင်/သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ် မြန်မာ တိုင်းရင်းသား သားသမီးမြေးမြစ်တို့အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတု**

**ပြောင်းလဲမှုအား ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပ အရင်းအမြစ်များကို ရေရှည်တည်တံ့ ခိုင်မြဲစေရန် အတွက်လည်းကောင်း၊ ဂေဟခရီးသွားစနစ် တိုးတက်စေရန် အတွက် လည်းကောင်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော **“ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**
**ပဉ္စမနေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၄ ဦးရှိသည့်အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၁၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၄ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁၁ ရက်၊
(၂) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊
(၃) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊
(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်သီဟ ခွင့် ၁ ရက်၊
(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ခွင့် ၁ ရက်၊
(၆) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၇) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊
(၈) ခနေဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၁ ရက်၊
(၉) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၆ ရက်၊
(၁၀) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၁ ရက်၊
(၁၁) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊
(၁၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊
(၁၃) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊
(၁၄) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊
(၁၅) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၁၆) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၁ ရက်၊
(၁၇) တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် ၁ ရက်၊
(၁၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်၊

(၁၉) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊
(၂၀) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၂၁) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျူး ခွင့် ၁ ရက်၊
(၂၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်၊
(၂၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊
(၂၄) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၉ ရက်၊
(၂၅) မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ခွင့် ၁ ရက်၊
(၂၆) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊
(၂၇) မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် ခွင့် ၁ ရက်၊
(၂၈) မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊
(၂၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၆ ရက်၊
(၃၀) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၃၁) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊
(၃၂) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၃၃) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်၊
(၃၄) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊
(၃၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၃၆) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်နှင့်
(၃၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးများအား ငွေကြေးအထောက်အပံ့ပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး၌ မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်း လိုတဲ့မေးခွန်းက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင် များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးများအား ငွေကြေးအထောက်အပံ့ ပေးခြင်းအစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီး၌ မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက် ပေးမည်ကိုသိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူထက်ဝက်ကျော်ဟာ ကလေးသူငယ်များဖြစ်ပါတယ်။ အသက် ငါးနှစ်အောက် ကလေးအယောက် ၁၀၀ မှ ၁၅၀ ကြား နေ့စဉ်သေဆုံးလျက်ရှိပါတယ်။ အသက်တစ်နှစ် အောက်ကလေးငယ် ၁၀ ယောက်မှာ ခြောက်ယောက်သာ ကာကွယ်ဆေးများကို အပြည့်အဝ အချိန်နှင့် တစ်ပြေးညီ ရရှိနိုင်ပါသေးတယ်။ ကလေးသုံးယောက်မှာ တစ်ယောက်သာ အာဟာရမပြည့်ဝမှုကြောင့် ပုညက်နေပါတယ်။ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖွံ့ဖြိုးရေးကဏ္ဍများအတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲ ချထားမှုများဟာ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အနိမ့်ဆုံးဖြစ်နေခြင်း၊ အာရှနိုင်ငံများအကြား တွင်လည်း အနိမ့်ဆုံးနိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိတယ်လို့ UNICEF က ထုတ်ပြန်တဲ့သတင်းများ အရ သိရှိရပါတယ်။ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေး၊ လူမှုရေးအကျိုးစီးပွားဖြစ်ထွန်းမှုတို့ဟာ နိုင်ငံ၏လူသားအရင်းအမြစ်များ ပြည့်စုံ ကောင်းမွန်စွာ ဖွံ့ဖြိုးနိုင်စွမ်းအပေါ်မှာ မူတည်တာကြောင့် ကလေးသူငယ်များမှအစပြု ရင်းနှီးမြှုပ်နှံ ခြင်း၊ အခြေခံလူမှုရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းအပေါ် များစွာတည်မှီ လျက်ရှိပါတယ်။ မိမိတို့အစိုးရတာဝန်ယူစဉ်ကာလမှာ ဒီအခြေအနေများကို အကောင်အထည်ဖော် နိုင်ဖို့၊ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုဖူလုံရေးကဏ္ဍများမှာ နိုင်ငံ့ရဲ့ဘဏ္ဍာရေးအခြေအနေ၊

နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီ၊ အထောက်အပံ့ချေးငွေများနဲ့ ဦးစားပေးရမယ့်နေရာဒေသများအလိုက် ဟန်ချက်ညီညီတိုးမြှင့်သုံးစွဲဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုတဲ့စကားရှိပါတယ်။ လူကြီးတွေတာဝန်ယူနေရတဲ့အရာတွေဟာ တစ်ချိန်မှာ လူငယ်တွေလက်ထဲကို လွှဲပေးရမှာပါ။ လက်ဆင့်ကမ်းယူရမယ့်လူငယ်၊ လူရွယ်တွေဟာ အစကတည်းက ကျန်းမာသန်စွမ်းဖို့၊ ဉာဏ်ရည်ထက်မြက်ဖို့လိုပါတယ်။ ကလေးငယ်တစ်ဦးချင်းစီရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြင့်သာ တိုးတက်သောတိုင်းပြည်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မိခင်ဗိုက်ထဲ ပဋိသန္ဓေတည်ချိန်မှစ၍ မွေးဖွားပြီး နှစ်နှစ်သားအထိ ဘဝအစပထမရက် ၁၀၀၀ မှာ အာဟာရဓာတ်ဖြည့်တင်းပေးခြင်းဟာ လူသားတစ်ယောက်အဖြစ် ကျန်းမာစွာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ခန္ဓာကိုယ်ကြီးထွားလာမယ်၊ ဦးနှောက်ဖွံ့ဖြိုးလာမယ်ဆိုရင် အနာဂတ်တိုင်းပြည်တည်ဆောက်နိုင်ဖို့အတွက် အာမခံချက်တွေရမှာဖြစ်ပါတယ်။ ဒီအခြေအနေကောင်းတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးများအား ငွေကြေးထောက်ပံ့ရေးနှင့်အစီအစဉ်နှင့် တစ်နိုင်ငံလုံးတွင် အသက် ၉၀ ပြည့်နှစ် အဖိုး၊ အဖွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါ။ ဒါကတော့ ၂၀၁၈ ခုနှစ် ခြောက်လအမျိုးသားစီမံကိန်းမှာ ဝန်ကြီးဌာနများရဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်နှင့်ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းများစာအုပ်ဖြစ်ပါတယ်။ ဒါကိုလည်း ကိုယ်စားလှယ်တော်ကြီးများထံ အားလုံးရောက်ရှိပြီးဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာပဲ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ မူဝါဒသုံးရပ်၊ ရည်မှန်းချက် ၁၇ ချက်၊ လုပ်ငန်းစဉ် ၂၅ ချက်ပါပြီး အမှတ်စဉ်(ည)မှာ ကိုယ်ဝန်ဆောင်မှုမိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော ကလေးများအတွက် ငွေကြေးထောက်ပံ့ကြေးနှင့် ဘိုးဘွားများအတွက် အသက် ၈၅ နှစ်မှစ၍ လူမှုရေးပင်စင်ပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီးပါဝင်တယ်ဆိုပြီး ထည့်သွင်းဖော်ပြထားပါတယ်။ နောက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဦးစားပေးဆောင်ရွက်ရန် လုပ်ငန်းများခေါင်းစဉ်အောက်က အချက် ၁၈ ချက်ထဲမှာလည်း အမှတ်စဉ်(ဠ)မှာ ဧရာဝတီတိုင်းဒေသကြီးဆိုပြီးတော့မှ ပါဝင်ပါတယ်။ အမှန်တကယ်ရန်ပုံငွေချထားပေးတဲ့အခါကျတော့ မပါတော့ပါဘူး။ ဒါကတော့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ဧရာဝတီတိုင်းဒေသကြီးရဲ့ကိန်းဂဏန်းအချက်အလက်တွေပါ။ လူဦးရေ ၆၁၈၄၈၂၉ ဦးနဲ့ နိုင်ငံရဲ့ ဒုတိယလူဦးရေအများဆုံးတိုင်း၊ အမျိုးသားထက် အမျိုးသမီးဦးရေပိုများတဲ့တိုင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံရဲ့မျှော်မှန်းအသက် ၆၆.၈၂ သတ်မှတ်ထားပေမဲ့ ပျမ်းမျှ ၆၁ နှစ်နဲ့ သေနေတဲ့တိုင်း၊ အရှင်မွေးလူ ၁၀၀၀ မှာ တစ်နှစ်အောက်ကလေးသေနှုန်း ပျမ်းမျှ ၆၂ ဦးရှိရမယ့်နေရာမှာ ၈၇ ဦးထိ သေနေတဲ့တိုင်း၊ နောက်အရှင်မွေးလူ ၁၀၀၀ မှာ ငါးနှစ်ကလေးသေနှုန်း ပျမ်းမျှ ၇၂ ဦးရှိရမယ့်နေရာမှာ ၁၀၅ ဦးထိ သေနေတဲ့တိုင်းဖြစ်ပါတယ်။ ဒါကတော့ ဧရာဝတီတိုင်းဒေသကြီးရဲ့ လူဦးရေပိရမစ်ပုံဖြစ်ပါတယ်။ အဲဒီမှာ မွေးနှုန်း

တွေကျဆင်းနေတယ်ဆိုပြီးတော့မှ ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစီအစဉ်ကို ဆောင်ရွက်လိုက်မယ်ဆိုရင် မွေးနှုန်းတွေလည်း တက်လာနိုင်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ကလေးတွေ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ပါတယ်။ နောက် စောစောကဖော်ပြခဲ့တဲ့ ကျွန်တော်တို့တိုင်းဒေသကြီးရဲ့ ဆိုးဝါးတဲ့ကိန်းဂဏန်းတွေကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။ နောက် ဒီအစီအစဉ်ကို မိဘများက လည်း မျှော်လင့်တစ်ကြီးစောင့်စားနေကြတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်း ရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးသို့ ဆက်လက်ထားရှိတဲ့ ဧရာဝတီတိုင်း ဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များတွင်ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များ ငွေကြေးအထောက်အပံ့ပေးခြင်းအစီအစဉ်များကို ဧရာဝတီတိုင်းဒေသကြီး၌ မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနဲ့စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနဟာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုထုတ်ပြန်ပြီးခဲ့သော မြန်မာနိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်တွေကို ကလေးသူငယ်များ၏ အာဟာရဆိုင်ရာအညွှန်းကိန်းတစ်ခုဖြစ်တဲ့ ပုညက်မှု ရာခိုင်နှုန်းနှင့် အခြားအချက်အလက်များပေါ်မှာအခြေခံပြီး ဦးစားပေးဒေသများရွေးချယ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းပြီး ထုတ်ဝေတဲ့လူဦးရေ နဲ့ကျန်းမာရေးအဆင့်အတန်း (Democratic Health Serbia) ၂၀၁၅-၂၀၁၆ ခုနှစ်အရ အာဟာရ ဆိုင်ရာ အညွှန်းကိန်းတစ်ခုဖြစ်တဲ့ ကလေးသူငယ်များအတွက် ပုညက်မှု ၄၁ ရာခိုင်နှုန်းဖြင့် ပုညက်မှု အမြင့်ဆုံးဖြစ်တဲ့ ချင်းပြည်နယ်၊ ပုညက်မှုနှုန်း ၃၇.၅၀ ရာခိုင်နှုန်းရှိတဲ့ ရခိုင်ပြည်နယ်နှင့် ကျန်းမာရေး

မူကြမ်း

ဆိုင်ရာအသိပညာနည်းပါးမှုကြောင့် ကူးစက်ရောဂါအသွင်ဖြင့် မကြာခဏဖြစ်ပွားတတ်တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် သူတို့ကမွေးဖွားလာတဲ့ အသက်နှစ်နှစ်အောက်ကလေးသူငယ်များကို ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့အနေနဲ့ မူလက ဧရာဝတီတိုင်းဒေသကြီးကို လျာထားခဲ့ပေမဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များနဲ့ လက်နက်ကိုင်ပဋိပက္ခဒဏ်များကိုခံစားခဲ့ရပြီး ဆင်းရဲနွမ်းပါးမှုနဲ့ ပုညက်မှုနှုန်း ၃၉.၇ ရာခိုင်နှုန်းရှိတဲ့ ကယားပြည်နယ်နဲ့ ပုညက်မှုနှုန်း ၂၅.၄ ရာခိုင်နှုန်းရှိတဲ့ ကရင်ပြည်နယ်တို့မှာ လက်ရှိဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီဒေသတွေမှာ ပထမဦးဆုံး ငွေကြေးထောက်ပံ့မှုကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကလေးသူငယ်များအကြား ပုညက်မှုနှုန်း ၃၇.၂၀ ရာခိုင်နှုန်းရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ၃၆.၅၀ ရာခိုင်နှုန်းရှိသော ရှမ်းပြည်နယ်တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ကမ္ဘာ့ဘဏ်ရဲ့ အတိုးနှုန်းသက်သာသောချေးငွေနဲ့ အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒီချေးငွေကို ကမ္ဘာ့ဘဏ်ရဲ့ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့ (International Development Association-IDA)မှ ချေးယူသွားမှာဖြစ်ပါတယ်။ ထိုသို့ချေးယူရာ၌ နှစ်ပေါင်း ၃၀ အတွင်း အကျေပြန်လည်ပေးဆပ်ရမှာဖြစ်ပါတယ်။ ကနဦး ငါးနှစ်အတွင်း ပေးဆပ်ရန် မလိုသေးဘဲ ခြောက်နှစ်မြောက်မှစ၍ ပြန်လည်ပေးဆပ်သွားရမှာဖြစ်ပါတယ်။ အတိုးနှုန်းမှာ ချေးယူရမယ့်ငွေကြေးအမျိုးအစားပေါ်မှာမူတည်ပြီး တင်ပြပါအတိုင်း ပေးချေသွားရမှာ ဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာဖြင့် ချေးယူမယ်ဆိုပါက တစ်နှစ် ၁.၄ ရာခိုင်နှုန်း၊ ယူရိုငွေကြေးဖြင့် ချေးယူမယ်ဆိုပါက တစ်နှစ် ၀.၆၂ ရာခိုင်နှုန်း၊ အထူးဖန်တီးထားသော ငွေကြေး(Special Drawing Rights-SDR)နဲ့ချေးယူမယ်ဆိုပါက တစ်နှစ် ၁.၂၅ ရာခိုင်နှုန်း ပေးချေသွားရမှာဖြစ်ပါတယ်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကမ္ဘာ့ဘဏ်ရဲ့ချေးငွေကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရမှာဖြစ်ပြီး တင်ပြပါဒေသနှစ်ခုမှာ တိုင်းဒေသကြီး/ပြည်နယ်နှစ်ခုတွင် ပထမသုံးနှစ်တာကာလအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်ပါ ပေါင်းစပ်အကောင်အထည်ဖော်မယ့် Co-financing နည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပြီး စတုတ္ထနှစ်မှစတင်ပြီး ၁၀၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်သွားရန် ဆောင်ရွက်လျက်ရှိပါတယ်။

ထိုကဲ့သို့ နိုင်ငံတော်ဘဏ္ဍာထည့်ဝင်ရန်ပုံငွေနဲ့ ကမ္ဘာ့ချေးငွေတို့ပေါင်းစပ် အကောင်အထည်ဖော်ရာမှာ အကောင်အထည်ဖော်မှုပထမနှစ်မှာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေက ဧရာဝတီတိုင်းဒေသကြီးမှာ ၄၀ ရာခိုင်နှုန်းနဲ့ ရှမ်းပြည်နယ်မှာ ၂၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှာ ဧရာဝတီတိုင်းဒေသကြီးက ၆၀ ရာခိုင်နှုန်းနဲ့ ရှမ်းပြည်နယ်မှာ ၄၀ ရာခိုင်နှုန်း၊ တတိယနှစ်မှာ ဧရာဝတီတိုင်းဒေသကြီးမှာ ၇၅ ရာခိုင်နှုန်းနဲ့ ရှမ်းပြည်နယ်မှာ ၆၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ရန်လျာထားပြီး နောက်ဆုံးစတုတ္ထနှစ်မှာတော့ အစီအစဉ်တစ်ခုလုံးကို နိုင်ငံတော်ဘဏ္ဍာထည့်ဝင်ရန်ပုံငွေ ၁၀၀ ရာခိုင်နှုန်းဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ MCCT လုပ်ငန်းအစီအစဉ်များအနေဖြင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂဒေသတို့မှာ ၂၀၁၇-

၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ချင်းပြည်နယ်မှာ Lift fund ရန်ပုံငွေနဲ့သော်လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့်နာဂဒေသတို့မှာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ပညာကျွမ်းမြင့်မားမှုနှင့် အခြားအချက်အလက်များအပေါ် မှာ အခြေခံပြီး ကျန်ရှိသောတိုင်းဒေသကြီး/ပြည်နယ်များကိုလည်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေခွဲဝေချထားမှုပေါ်မူတည်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ အဆင့်ဆင့်ဆက်လက်တိုးချဲ့အကောင်အထည်ဖော်သွားရန်လျာထားစီစဉ်ထားရှိပါကြောင်းတင်ပြအပ်ပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ကမ္ဘာ့ဘဏ်ချေးငွေရယ်၊ နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် လွှတ်တော်ရဲ့အတည်ပြုချက်ရယူနိုင်ရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မော်တော်ယာဉ်ဝယ်ယူပြီးနောက် အမည်ပေါက်ပြောင်းလဲရာတွင် အခွန်စိမ်းပြသ အခွန်ဆောင်ပြီးမှ အမည်ပြောင်းလဲခွင့်ပြုခြင်းကို ကညနမှ ဖြေလျှော့ဆောင်ရွက်ပေးပြီး မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နောက်ကျောပါ သတိပြုရန်အချက်များ အမှတ်စဉ်(၈)တွင် မော်တော်ယာဉ်ဝယ်ယူသူမှ တရားဝင်ပိုင်ဆိုင်ကြောင်း တရားရုံးတွင် သက်သေခံနိုင်သည်အထိ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်မည့်စီမံချက်မျိုး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံသားများ မော်တော်ယာဉ်ပိုင်ဆိုင်မှုပိုမိုတိကျပြီး နိုင်ငံ၏ဂုဏ်သိက္ခာပိုမိုမြင့်မားလာစေရန် မော်တော်ယာဉ်များ အမည်ပေါက်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံသည် မော်တော်ယာဉ်ဝယ်ယူအသုံးပြုမှု၊ မော်တော်ယာဉ်ပိုင်ဆိုင်မှုများ တဖြည်းဖြည်း တိုးတက်များပြားလာခြင်းသို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ယခင်က ဂျပန်နိုင်ငံမှတင်သွင်းလာသော Used Car များနှင့် ပြည်တွင်းထုတ်ကားများသာ အသုံးပြုခဲ့သော်လည်း ယနေ့အချိန်တွင် နိုင်ငံတကာမှ မော်ဒယ်မြင့်ကားများအဆင့်ထိ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ပါတယ်။ မော်တော်ကားဝယ်ယူပိုင်ဆိုင်မှုနှင့် အသုံးပြုမှုများပြားလာသည်နှင့်အမျှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြဿနာများ၊ ယာဉ်မတော်တဆမှုပြဿနာများ၊ ယာဉ်ကြောပိတ်ဆို့မှု

ပြဿနာများ တစ်နေ့တခြားမြင့်မားလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဓိကတင်ပြလိုသော ပြဿနာမှာ မော်တော်ယာဉ်ပိုင်ဆိုင်မှုနှင့် အမည်ပေါက်ပြောင်းလဲဆောင်ရွက်ခြင်းကိစ္စ ဖြစ်ပါတယ်။ ဒီပြဿနာကို နိုင်ငံခြားတိုင်းပြည်တွေမှာလည်း ဖြေရှင်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း မော်တော်ယာဉ်စီးရေတိုးတက်များပြားလာသည်နှင့်အမျှ ဒီကိစ္စကိုဆောင်ရွက်သင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ မော်တော်ယာဉ်လက်ဝယ်ကိုင်ဆောင်ထားသူများသည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် အရပ်အခေါ် Owner Board များကို ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများအရ ထုတ်ဝေထားခြင်းဖြစ်ပြီး မော်တော်ယာဉ်ပိုင်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ယောက်၊ မော်တော်ယာဉ်မှတ်ပုံတင်ထားသည့်အမည်က တစ်ယောက်ဖြစ်နေသည်မှာ များပါသည်။ အချို့တတ်နိုင်သူများကတော့ ဝယ်ယူကတည်းက ကိုယ်ပိုင်အမည်ပေါက်လျှောက်ပြီး စီးကြပါသည်။ လက်ပြောင်းဝယ်ယူသူများမှာလည်း အမည်ပြောင်းလျှောက်ထားခြင်းကို ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ကြရပါတယ်။ ဒီလိုအမည်ပေါက်ပြောင်းလဲဆောင်ရွက်တဲ့နေရာမှာ အခွန်ပေးဆောင်ပြီး အခွန်စိမ်းစာရွက်ပြသရတဲ့အတွက် မော်တော်ယာဉ်ပိုင်ရှင်အများစုဟာ အမည်ပေါက်ပြောင်းလဲဆောင်ရွက်ခြင်းမရှိကြပါဘူး။ သက်တမ်းကုန်ဆုံးချိန်မှာ သက်ဆိုင်ရာ က.ည.န ရုံးများသို့ သွားရောက်သက်တမ်းတိုးဆောင်ရွက်ကြရပါတယ်။ ကုမ္ပဏီနာမည်နဲ့ တင်သွင်းလာတဲ့ အမည်ပြောင်းခွင့်မပြုတဲ့ AA, BB တက္ကစီတွေလည်း ဒီအတိုင်းဆောင်ရွက်နေကြရပါတယ်။ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၏ ကျောဖုံးအတွင်းစာမျက်နှာ အမှတ်စဉ် ၈ တွင် ယာဉ်မှတ်ပုံတင်စာအုပ်တွင် ဖော်ပြထားသည့် မှတ်ပုံတင်ထားသူသည် ယာဉ်နှင့်စပ်လျဉ်းသည့်ကိစ္စအဝဝကို တာဝန်ခံသူသာလျှင်ဖြစ်သည်။ ယာဉ်ကိုပိုင်ဆိုင်မှုအတွက် မှတ်ပုံတင်စာအုပ်သည် သက်သေခံအလျဉ်း မဖြစ်စေရ။ တရားရုံး၏အဆုံးအဖြတ်သာ အတည်ဖြစ်သည်ဟု ဖော်ပြထားသဖြင့် အမည်ပေါက်ပြောင်းလဲလျှောက်ထားသော်လည်း မော်တော်ယာဉ်ပိုင်ဆိုင်သူပိုင်ရှင်အဖြစ် အကျုံးမဝင်သေးကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာ က.ည.န ရုံးများမှာ မော်တော်ယာဉ်အမည်ပြောင်းလဲမှတ်ပုံတင်ခြင်း အလွယ်တကူဆောင်ရွက်လာအောင် ဖြေလျှော့ဆောင်ရွက်ပေးစေလိုပါတယ်။ အခွန်စိမ်းစာရွက်ပြသ၍ အမည်ပြောင်းခွင့်ပြုခြင်းကို ယာယီပယ်ဖျက်၍ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(Owner Board)နှင့် ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ စာရွက်စာတမ်းများ နှင့် မော်တော်ကားပြသနိုင်ပါက အမည်ပြောင်းမှတ်ပုံတင်ဆောင်ရွက်ခွင့်ပေးသင့်ပါတယ်။ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နောက်ကျောပါ သတိပြုရန်အချက်များ အမှတ်စဉ် ၈ ကိုလည်း တရားရုံးတွင် သက်သေခံနိုင်ကြောင်း ပြင်ဆင်ဖော်ပြပေးပါက အမည်ပေါက်ပြောင်းလဲဆောင်ရွက်မှုများအားလုံး ပါဝင်ဆောင်ရွက်လာမှာဖြစ်ပါတယ်။ ဤသို့ ယာယီအခိုက်အတန့် ဖြေလျှော့ဆောင်ရွက်ပေးခြင်းဖြင့် အခွန်ရှောင်မှုကို ကာကွယ်ရာရောက်ပြီး အခွန်ဆောင်လာကြမှာဖြစ်ပါတယ်။ မော်တော်ယာဉ်နဲ့ ပတ်သက်တဲ့ ရာဇဝတ်မှုတွေကိုလည်း အလွယ်တကူ ရှာဖွေဖော်ထုတ်နိုင်ပါမယ်။ မိမိတို့နိုင်ငံသားများအားလုံးကလည်း ကိုယ်ပိုင်အမည်ပေါက်ယာဉ်တွေနဲ့ ဂုဏ်သိက္ခာရှိရှိ ပိုင်ဆိုင်အသုံးပြုနိုင်ကြောင်း နိုင်ငံတကာအလယ်မှာ ပြသနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ပိုင်ဆိုင်မှုဂုဏ်သိက္ခာ ပိုမိုတိုးတက်မြင့်မားလာစေရန် မော်တော်ယာဉ်ဝယ်ယူပြီးနောက် အမည်ပေါက် ပြောင်းလဲရာတွင် အခွန်စိမ်းပြသအခွန်ဆောင်ပြီးမှ အမည်ပြောင်းလဲခွင့်ပြုခြင်းကို က.ည.န မှ ဖြေလျှော့ဆောင်ရွက်ပေးပြီး မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နောက်ကျောပါ သတိပြုရန်အချက်များ အမှတ်စဉ် ၈ နေရာတွင် မော်တော်ယာဉ်ဝယ်ယူသူမှ တရားဝင်ပိုင်ဆိုင်ကြောင်း တရားရုံးတွင် သက်သေခံနိုင်သည်အထိ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်မည့်စီမံချက်မျိုး ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ပိုင်ဆိုင်မှုဂုဏ်သိက္ခာ မိုမိုးတိုးတက်မြင့်မားလာစေရန် မော်တော်ယာဉ်ဝယ်ယူပြီးနောက် အမည်ပေါက်ပြောင်းလဲရာတွင် အခွန်စိမ်းပြသအခွန်ဆောင်ပြီးမှ အမည်ပြောင်းလဲခွင့်ပြုခြင်းကို က.ည.န မှ ဖြေလျှော့ဆောင်ရွက်ပေးပြီး မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နောက်ကျောပါ သတိပြုရန်အချက်များ အမှတ်စဉ် ၈ နေရာတွင် မော်တော်ယာဉ်ဝယ်ယူသူမှ တရားဝင်ပိုင်ဆိုင်ကြောင်း တရားရုံးတွင် သက်သေခံနိုင်သည်အထိ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်မည့် စီမံချက်မျိုးချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကျွန်တော်ဦးကျော်မျိုးမှ ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၀၃ ခုနှစ်မတိုင်မီအထိ ပိုင်ရှင်အမည်ပြောင်းဆောင်ရွက်ပေးရာတွင် ဝယ်ယူသူ သို့မဟုတ် ရောင်းချသူတစ်ဦးဦးမှ အမည်ပြောင်းလာရောက်ဆောင်ရွက်ပါက အမျိုးသားမှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်၊ ဓာတ်ပုံပါစိစစ်ရေးကတ်၊ အရောင်းအဝယ်စာချုပ်များကို မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ အမည်ပြောင်းခကောက်ခံလျက် အမည်ပြောင်းမှတ်တမ်းတင်ပေးပြီး အမည်ပြောင်းပုံစံအား သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအခွန်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်းဌာနခွဲ)သို့ မိတ္တူတစ်စောင်စီ ပေးပို့ဆောင်ရွက်ခဲ့ပါတယ်။

သို့ရာတွင် ၂၀၀၃ ခုနှစ်မှစ၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ညှိနှိုင်းမေတ္တာရပ်ခံချက်အရ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပုံစံ(၁)အခွန်စိမ်းပါရှိမှသာ အခွန်ပုံစံတွင်ပါရှိတဲ့ အမည်၊ နေရပ်လိပ်စာအတိုင်း ပိုင်ရှင်အမည်ပြောင်းဆောင်ရွက်ပေးခြင်းကို လက်ခံဆောင်ရွက်ပေးလျက် ရှိခဲ့ပါတယ်။ ထို့အပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၈/၂၀၁၇)အရ ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် ရက်စွဲပါစာဖြင့် ညှိနှိုင်းအကြောင်းကြား

**မူကြမ်း**

လာသဖြင့် က.ည.န အနေဖြင့် ၁-၄-၂၀၁၇ ရက်နေ့မှစ၍ ယာဉ်အို၊ ယာဉ်ဟောင်း(စလစ်)ဖြင့် တင်သွင်းသည့်မော်တော်ယာဉ်များကို ကြိုတင်ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထား ပါရှိမှသာ ကနဦးမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမည်ပြောင်းလျှောက်ထား ရာမှာ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းချက်အရလည်းကောင်း၊ နိုင်ငံ့ဘဏ္ဍာဝင်ငွေ တိုးတက်ရရှိရေး ဆိုင်ရာ လုပ်ငန်းဆက်စပ်မှုအရလည်းကောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏မူဝါဒနှင့်အညီ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ပေးနေရခြင်းဖြစ်ပါသဖြင့် လက်ရှိ လုပ်ထုံးလုပ်နည်းများအရ မော်တော်ယာဉ်ဝယ်ယူပြီးနောက် အမည်ပေါက်ပြောင်းလဲရာတွင် အခွန် ဆောင်ပြီးကြောင်း အခွန်စိမ်းပြသမှသာ အမည်ပြောင်းခွင့်ပြုခြင်းကို က.ည.န အနေဖြင့် ဖြေလျှော့ ဆောင်ရွက်ပေး၍ မရသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ထို့ပြင် မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် ကျောဖုံးအတွင်းဘက်ပါ သတိပြုရန်အချက်များ အမှတ်စဉ် ၈ မှာဖော်ပြထားသည့်အချက်မှာ အငြင်းပွားမှုမဖြစ်စေရန် ထည့်သွင်းထားခြင်းသာဖြစ်ပြီး မော်တော်ယာဉ်ဝယ်ယူသူမှ တရားဝင်ပိုင်ဆိုင် ကြောင်း တရားရုံးတွင်သက်သေခံနိုင်သည့်အထိ လောလောဆယ် ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခြင်း မရှိသေး ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ယာဉ်ပိုင်ဆိုင်မှုအတွက် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မှာ အမည်ပေါက်ရန် ထိုယာဉ်ဝယ်ယူမှုအတွက် မိမိသုံးစွဲသောငွေကြေးအပေါ်မှာ ကောက်ခံသောဝယ်ယူ ခွန်အား ပေးဆောင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသည့်အခွန်ပုံစံ(၁) (အခွန်စိမ်း)မှာ ဖော်ပြတဲ့အမည်၊ နေရပ်လိပ်စာအတိုင်းသာ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃ မှာ) မှတ်ပုံတင်ပေးခြင်း ဖြစ်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်များ ကနဦးမှတ်ပုံတင်ချိန်မှစ၍ မှတ်ပုံတင်ထားသူ၏အမည်၊ နေရပ်လိပ်စာများကို မှတ်တမ်းတင်ထားရှိပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ယာဉ်ကို အဆင့်ဆင့်ရောင်းဝယ်လက်ပြောင်းကြပြီးနောက်ပိုင်း ပိုင်ဆိုင်မှုအငြင်းပွားခြင်းများ၊ ပေါင်နှံငွေးရမ်းခြင်း ကိစ္စများ ရှုပ်ထွေးလျက်ရှိသကဲ့သို့ ယာဉ်တင်သွင်းရန် Free Permit လျှောက်ထားစဉ်ကလည်း အခြားပုဂ္ဂိုလ်၏မှတ်ပုံတင်အား ငှားရမ်းအသုံးပြု၍ Permit လျှောက်ထားမှုများ ယာဉ်အားဝယ်ယူ ပြီးနောက် ဝယ်ယူခွန်မပေးဆောင်လို၍ မိမိအမည်ပြောင်းရန် တွန့်ဆုတ်နေမှုများ စသည်ဖြင့် မမှန်ကန်သောနည်းလမ်းများဖြင့် ဆောင်ရွက်နေမှုများ များပြားနေသည်ကို သုံးသပ်တွေ့ရှိခဲ့ရပါတယ်။ အဲဒီလိုရည်ရွယ်ချက်အမျိုးမျိုးဖြင့် မမှန်မကန်သည့်လုပ်ဆောင်မှုများကြောင့် ယာဉ်တစ်စီး၏ ပိုင်ရှင် အမည်နှင့် နေရပ်မှန်ကန်စေရေးလုပ်ငန်းစဉ်အတွက် ကြီးမားသောအခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါ တယ်။ အဲဒီအခက်အခဲတွေကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနများ တရားဥပဒေစိုးမိုးရေး ဆိုင်ရာဌာနများ မော်တော်ယာဉ်နဲ့ဆက်စပ်တဲ့လုပ်ငန်းအသင်းအဖွဲ့များနှင့် အဓိကဖြစ်တဲ့ ယာဉ်လက်ဝယ်ရှိ အမည်မပေါက်သေးသော ယာဉ်ပိုင်ရှင်များအားလုံးအား ကိုယ်စီအသိစိတ်ဓာတ်ရှိရှိ ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုင်ရှင်အမည်၊ နေရပ်လိပ်စာ မှန်ကန်ပြီး နိုင်ငံဘဏ္ဍာအခွန်အခ များလည်း လစ်ဟာမှုမရှိဘဲ ပြည့်ဝစွာကောက်ခံနိုင်မည်ဖြစ်ပါတယ်။ တစ်ဖက်ကတည်း ဌာနအနေဖြင့် လက်ငင်းရင်ဆိုင်နေရတဲ့ ယာဉ်ပိုင်ရှင်အမည်ပေါက်နှင့် နေရပ်လိပ်စာများ မှန်ကန်မှုမရှိခြင်းပြဿနာ ကို မလွဲမသွေဖြေရှင်းကျော်လွှားရန် လိုအပ်နေပြီလို့ ခံယူတဲ့အတွက် သက်ဆိုင်ရာဌာနများနှင့်

ညှိနှိုင်းပြီး ပြုပြင်ပြောင်းလဲနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းက ဆုံးဖြတ်ဆောင်ရွက်လို့ရတဲ့ကိစ္စမဟုတ်တဲ့အတွက် ညှိနှိုင်းပြီး အတည်ပြုချက်ရရှိချိန်မှာ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်များအားလုံးရဲ့လက်ရှိပိုင်ရှင်အမည်၊ နေရပ်လိပ်စာမှန်ကန်တိကျမှုရှိစေရေးအတွက် အလေးထားပြုပြင်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်သမ္မတရုံး၏အထူးရန်ပုံငွေမှ ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအတွက် ငွေကျပ်သန်းပေါင်း ၆၄၂၆ သန်း သုံးစွဲခြင်းသည် မည်သူများက မည်သည့်ဥပဒေအရ မည်သည့်အတိုင်းအတာအထိ မည်သို့သော အကြောင်းအရာများစောင့်ကြည့်၍ မည်သို့အပြစ်ပေးအရေးယူမည်ဖြစ်ပြီး ဤလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိနှင့် နိုင်ငံတော်သမ္မတရုံး၏ အထူးရန်ပုံငွေသုံးစွဲမှု မူဝါဒနှင့်ကိုက်ညီခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံး၏အထူးရန်ပုံငွေမှ ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအတွက် ငွေကျပ်သန်းပေါင်း ၆၄၂၆ သန်း သုံးစွဲခြင်းသည် မည်သူများက မည်သည့်ဥပဒေအရ မည်သည့်အတိုင်းအတာအထိ မည်သို့သောအကြောင်းအရာများကို စောင့်ကြည့်၍ မည်သို့အပြစ်ပေးအရေးယူမည်ဖြစ်ပြီး ဤလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းရှိ/မရှိနှင့် နိုင်ငံတော်သမ္မတရုံး၏အထူးရန်ပုံငွေသုံးစွဲမှု မူဝါဒများနှင့်လည်း ကိုက်ညီမှုရှိ/မရှိသိရှိလိုခြင်းပဲ ဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းရင်းကတော့ ပထမအချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ၏ပုဒ်မ ၃၅၃ တွင် မည်သူမျှ တည်ဆဲဥပဒေများနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ နစ်နာဆုံးရှုံးမှုမရှိစေရလို့ဆိုထားတဲ့အတွက် အဲဒီအချက်နဲ့များငြိ/မငြိ ချိန်ဆစေချင်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဆက်သွယ်ရေး ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)တွင် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ လူပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းဟု ပါရှိပါသဖြင့် ယင်းဥပဒေမှ မတရားတားဆီးကန့်ကွက်ခြင်းနှင့် မလျော်ဩဇာသုံးခြင်းတို့နှင့်များ သက်ဆိုင်မှုရှိ/မရှိ သိရှိလိုပါတယ်။ တတိယအချက်အနေဖြင့် သမ္မတ၏အရေးပေါ်ရန်ပုံငွေဆိုသည်မှာ ရုတ်တရက်ပေါ်ပေါက်လာသော သဘာဝဘေးအန္တရာယ်များဖြစ်ကြသည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ မီးလောင်ခြင်း၊ ငလျင်ဒဏ်ခံရခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာရသည့် အရေးပေါ်အခြေအနေတွင် သုံးစွဲရန်ဟု ကျွန်တော်တို့နားလည်ထားသည့်အတွက်ကြောင့် ယခု ဆက်သွယ်ရေးပစ္စည်းဝယ်ယူမှုသည် အရေးပေါ်သုံးစွဲခြင်းဟုတ်/မဟုတ် စိစစ်ပေးရန်လိုပါလိမ့်မယ်။ စတုတ္ထအချက်အနေဖြင့် အဲဒီပစ္စည်းကို အစိုးရက သုံးတာလား၊ အစိုးရမဟုတ်တဲ့

အဖွဲ့က သုံးတာလား။ ဒါမှမဟုတ်ရင် Facebook ကိုပေးသုံးတာလား။ ဒါနဲ့ပတ်သက်ပြီးတော့ လက်ရှိအခြေအနေမှာ ကျွန်တော်တို့နားလည်ထားတာကတော့ Fake Speak ဟန့်တားတယ်လို့ နားလည်ထားပါတယ်။ ဒါပေမဲ့ ဥပမာအားဖြင့် တခြားဘာသာကို အနည်းကျဉ်းထိခိုက်ရင် ပိတ်ပင်တာတွေသာ တွေ့ရပြီး ကျွန်တော်တို့နိုင်ငံက လူအများဆုံးကိုးကွယ်တဲ့ ဗုဒ္ဓဘာသာကို အတုံးလိုက်၊ အတစ်လိုက် တိုက်ခိုက်နေ တာတွေကို မတွေ့ရပါဘူး။ သို့ပါ၍ ပြည်သူတွေဆီမှာ အသံတွေကြားနေရတာကတော့ ၈၀ ရာခိုင်နှုန်း ကိုးကွယ်နေတဲ့ မြန်မာနိုင်ငံမှာ ကိုယ့်နိုင်ငံဘတ်ဂျက်သုံးပြီး အများဆုံးကိုးကွယ်တဲ့ ကိုယ့်ဘာသာတရားကို မကာကွယ်ပေးနိုင်တာဟာ ဝမ်းနည်းစရာဖြစ်တယ်ဆိုတာကို ကြားသိနေရပါတယ်။ သို့ပါ၍ ယခု ဆိုရှယ်မီဒီယာကို ဘယ်လိုစောင့်ကြည့်မည်၊ ဘယ်လိုဝယ်ယူသည်ကို သိရှိရန် လိုအပ်ပါသဖြင့် အဆိုပါဆက်သွယ်ရေးစက် ဝယ်ယူသုံးစွဲမှုကို ပြည်သူများ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ထိုသို့ဝယ်ယူသုံးစွဲမှုသည် တည်ဆဲဥပဒေ၊ မူဝါဒများနှင့် ကိုက်ညီမှုရှိ/မရှိ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ နိုင်ငံတော်သမ္မတရုံး၏အထူးရန်ပုံငွေမှ ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအတွက် ကျပ်သန်းပေါင်း ၆၄၂၆ သန်း သုံးစွဲခြင်းသည် မည်သူများက မည်သည့်ဥပဒေအရ မည်သည့်အတိုင်းအတာအထိ မည်သို့သော အကြောင်းအရာများကို စောင့်ကြည့်၍ မည်သို့အပြစ်ပေးအရေးယူမည်ဖြစ်ပြီး ဤလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်ညီညွတ်မှုရှိ/မရှိနှင့် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေသုံးစွဲမှု မူဝါဒနှင့်ကိုက်ညီခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်က လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာအလွဲသုံးစွဲမှုကို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် Monitoring ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြခဲ့ရာမှာ ဆက်သွယ်ရေးစနစ်တစ်မျိုးမျိုး၊ အင်တာနက် သို့မဟုတ် ဆိုရှယ်မီဒီယာများကိုအသုံးပြု၍ နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားအောင် ပြုလုပ်နေတဲ့ဖြစ်ရပ်ဖြစ်စဉ်များကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုခုက အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စနစ်တကျစောင့်ကြပ်ကြည့်ရှုဖော်ထုတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပါကြောင်း ထည့်သွင်းတင်ပြခဲ့ပါတယ်။ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကိုလည်း ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက

Facebook နှင့် အခြားဆိုရှယ်မီဒီယာများကို ဥပဒေနှင့်အညီ စောင့်ကြည့်ထိန်းကျောင်းမှု ပြုလုပ်နိုင်ရေးအတွက် Social Media Monitoring Team ကို ဖွဲ့စည်းခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ၂၂-၈-၂၀၁၇ ရက်နေ့မှာ တင်ပြခဲ့ရာ ၂၃-၈-၂၀၁၇ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၆/၂၀၁၇)က သဘောတူခွင့်ပြုခဲ့ပါတယ်။ ၎င်းနောက် နိုင်ငံတော်သမ္မတရုံးက Social Media Monitoring Team(SMMT)ကို ၇-၂-၂၀၁၈ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ မှာ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်ဟူ၍လည်းကောင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၅ တွင် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသော မည်သည့်သတင်းအချက်အလက်နှင့်ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေးအတွက် နိုင်ငံသားများရဲ့မူလအခွင့်အရေးများကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာ အဖွဲ့အစည်းသို့ လိုအပ်သလိုညွှန်ကြားဆောင်ရွက်နိုင်သည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသဖြင့် Social Media Monitoring Team ကို ဖွဲ့စည်းခြင်းဟာ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိပါတယ်။ Social Media Monitoring Team ဟာဆိုရင် Facebook၊ Messenger၊ Twitter အစရှိတဲ့ Open Source ဟုခေါ်သည့် အများသူငါဝင်ရောက်ကြည့်ရှုနိုင်သည့် လူမှုကွန်ရက်များမှတစ်ဆင့် လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေမည့် သို့မဟုတ် ရပ်ရွာတည်ငြိမ်အေးချမ်းမှုပျက်ပြားစေမည့် သို့မဟုတ် နိုင်ငံတော်လုံခြုံရေး သို့မဟုတ် တရားဥပဒေစိုးမိုးရေးကို ထိပါးစေမည့် ပြုမူ ဆောင်ရွက်ချက်များကို စောင့်ကြည့်ဖော်ထုတ်၍ ပြည်သူလူထုအား ပညာပေးခြင်း၊ သတိပေးနှိုးဆော်ခြင်းနှင့် ဆိုရှယ်မီဒီယာဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများနှင့် ပူးပေါင်းညှိနှိုင်းခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပြီး တည်ဆဲဥပဒေများနှင့်ငြိစွန်းသည့်ကိစ္စရပ်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတို့မှ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းသွားမှာဖြစ်ပါတယ်။ Social Media Monitoring Team က ဆောင်ရွက်သွားမည့်လုပ်ငန်းဟာဆိုရင် နိုင်ငံတကာမှာ အဆင့်မြင့် အိုင်တီနည်းပညာများအသုံးပြု၍ ဆောင်ရွက်လျက်ရှိကြတဲ့ Open Source Intelligence ပင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ OSINT လို့ ခေါ်ဝေါ်သုံးစွဲကြတဲ့ Open Source Intelligence ဟာဆိုရင် အများသူငါအင်တာနက်မှာ ဝင်ရောက်ကြည့်ရှုနိုင်တဲ့ ဆိုရှယ်မီဒီယာနှင့် အခြား Website များမှာပါရှိတဲ့ သတင်းအချက်အလက်ပေါင်းများစွာအနက်မှ မိမိတို့အတွက် အရေးပါမည့်သတင်းအချက်အလက်များ ရှာဖွေရွေးချယ်စိစစ်ပြီး ခွဲခြမ်းစိတ်ဖြာ၍ လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီဟာဆိုရင် ကျွန်တော်တို့က အဓိကအချက်ကတော့ အများပြည်သူငါ Public က Exist လုပ်လို့ရတဲ့ Information ကိုပဲ ကျွန်တော်တို့က စိစစ်ရွေးချယ်ပြီးတော့ လိုအပ်သလို ခွဲခြမ်းစိတ်ဖြာဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီဟာက ကျွန်တော်တို့ ဆိုရှယ်မီဒီယာမှာတင်တဲ့ သတင်းအချက်အလက်တွေဟာဆိုရင် ဘယ်ကနေတင်လဲ။ ဒီရက်ထဲမှာ ကျွန်တော်တို့က ရရှိတဲ့အချက်အလက်များကို စုဆောင်းမယ်။ ဒီဟာတွေကို

ကျွန်တော်တို့က အဆင့်မြင့်နည်းပညာတွေ။ ဒါကြောင့်မို့လို့ အဆင့်မြင့်နည်းပညာဖြစ်တဲ့အတွက် စက်ပစ္စည်းကိရိယာတွေဟာလည်း တန်ဖိုးကြီးမားတာဖြစ်ပါတယ်။ ဒီဟာတွေကို စိစစ်ရွေးချယ်ပြီးတော့ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားတာ ဖြစ်ပါတယ်။ အဲဒီတော့ Open Source Intelligence ကို ဘယ်သူတွေအသုံးချတာလဲဆိုတော့ နိုင်ငံများရဲ့စီးပွားရေးလုပ်ငန်းကြီးတွေ၊ ကာကွယ်ရေး၊ လုံခြုံရေးနှင့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းတွေနဲ့ အစိုးရအဖွဲ့အစည်းများက တွင်ကျယ်စွာအသုံးပြုကြပါတယ်။ တစ်ဘက်မှလည်း ဥပဒေဘောင်ပြင်ပမှာရှိတဲ့ ဒုစရိုက်ဘက်တော်သားများကလည်း အသုံးပြုနေကြပါတယ်။ 9/11 လို့ခေါ်တဲ့ ၂၀၀၁ ခုနှစ် လေယာဉ်ဖြင့်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်ရဲ့ နောက်ပိုင်း ၂၀၁၄ ခုနှစ်ခန့်မှစတင်ပြီး အကြမ်းဖက်သမားများ၏ မီဒီယာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ထောက်လှမ်းနိုင်ရန်အတွက် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများက Open Source Intelligence ကို တွင်ကျယ်စွာ အသုံးပြုလာကြခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ နိုင်ငံတော်သမ္မတ၏အထူးရန်ပုံငွေသုံးစွဲမှု မူဝါဒနှင့်ကိုက်ညီခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအပိုင်း(၄) အရေးပေါ်ရန်ပုံငွေ ပုဒ်မ ၂၇ ပုဒ်မခွဲ(က)မှာ အရေးပေါ်ရန်ပုံငွေများမှကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိတဲ့ အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။

နိုင်ငံတော်သမ္မတရုံးအနေဖြင့် Social Media Monitoring Team ၏ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်တဲ့နည်းပညာနှင့်စက်ပစ္စည်းများ ဝယ်ယူရန် စုစုပေါင်းငွေကျပ် ၆၄၂၆ သန်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်မှာ မပါဝင်သော်လည်း နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို လျင်မြန်စွာ အထောက်အကူပြုနိုင်ရေးအတွက် မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်ဖြစ်နေပါသဖြင့် ကျခံသုံးစွဲခွင့်ပြုရန် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ နိုင်ငံတော်သမ္မတရုံးမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ သဘောတူခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆိုရှယ်မီဒီယာစောင့်ကြည့်ထိန်းကျောင်းမှုပြုလုပ်နိုင်ရေးအဖွဲ့(Social Media Monitoring Team-SMMT) ကို ဖွဲ့စည်းခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းတို့မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်ညီညွတ်ပြီး လိုအပ်တဲ့စက်ပစ္စည်းများဝယ်ယူခဲ့ခြင်းမှာလည်း အရေးပေါ်ရန်ပုံငွေသုံးစွဲမှု မူဝါဒနှင့်ကိုက်ညီပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ အခုလိုအသေးစိတ် ဂဃနဏ ရှင်းပြသွားတဲ့အတွက်ကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ နိုင်ငံတော်ဘတ်ဂျက်ထဲက ဒီလောက်အများကြီးအကုန်အကျခံပြီး ပစ္စည်းလည်းဝယ်ယူတယ်။ ပြီးတော့

Social Media Monitoring Team ကိုလည်း ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ဆက်စပ်မေးခွန်းမေးချင်တာက အဲဒီ Team ဖွဲ့စည်းပြီးတဲ့အချိန်ကစပြီးတော့ ယနေ့အထိ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဘယ်လောက်အထိ ဆောင်ရွက်ခဲ့ပြီးပါပြီလဲ။ ဆောင်ရွက်ခဲ့ပြီးပြီဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကို လာရောက်၊ ကျွန်တော့်မေးခွန်းမှာက ပွင့်လင်းမြင်သာမှုရှိစေရန်လို့ပြောထားတဲ့အတွက်ကြောင့် ဒီဆောင်ရွက်မှုတွေအားလုံးကို ပြည်သူ့လွှတ်တော်ကို လာရောက်ရှင်းလင်းတင်ပြနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းအတွက်ကို ကျွန်တော်အထူးပဲ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းချက်အရဆိုရင် Social Media Monitoring Team ဖွဲ့စည်းခဲ့တာဆိုရင် ဒီနှစ်ဆန်းပိုင်း ပါဝင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့မှာဆိုရင် ဒီစက်တွေ တပ်ဆင်တဲ့ကိစ္စ ဝယ်ယူတပ်ဆင်ခြင်း၊ နောက်ပြီးတော့ လေ့ကျင့်သင်ကြားခြင်း ဒီဟာတွေကို ဆောင်ရွက်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အခုအချိန်မှာ စနစ်ကို စတင်အသုံးပြုလျက်ရှိပါတယ်။ နောက်တစ်ခုကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး မေးကတည်းက လွှတ်တော်မှာလာရောက်ရှင်းပြလို့ ရှိမလားဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော် စောစောက တင်ပြသွားတဲ့အတိုင်း Open Source Intelligence က နိုင်ငံတကာအစိုးရ၊ အဖွဲ့အစည်းတွေ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေအဖွဲ့အစည်း တော်တော်များများ အသုံးပြုပါတယ်ခင်ဗျား။ ဒါနဲ့ ဒီဟာဆိုရင် ကျွန်တော်တို့က လုပ်တဲ့လုပ်ငန်းတွေက အခုနက အကြမ်းဖက်လုပ်ငန်းတွေ၊ တရားဥပဒေ ဘောင်ပြင်ပမှ ဆောင်ရွက်တဲ့လုပ်ဆောင်ချက်တွေကို လေ့လာဆန်းစစ်ပြီးတော့ အချက်အလက်စုဆောင်းတဲ့လုပ်ငန်းဖြစ်တဲ့အတွက် တစ်ဖက်က ဥပဒေဘောင်ပြင်ပကလူတွေကို မသိအောင် ကျွန်တော်တို့က ဆောင်ရွက်ကြရပါတယ်။ ကျွန်တော်ကိုယ်တိုင် အာဆီယံဆက်သွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ကိုမေးတယ်။ သူတို့အစိုးရတွေကလည်း အသုံးပြုပါတယ်ခင်ဗျား။ ဒါပေမဲ့ သူတို့က ဒီဟာကိုအခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ပွင့်လင်းမြင်သာမှုကို အပြည့်အဝမထားနိုင်တဲ့အကြောင်းရင်းက တစ်ဖက်က ဒီဥပဒေဘောင်ပြင်ပက လူတွေအနေနဲ့ အခုနကပြောသလို တုံ့ပြန်ပြီးတော့ အရေးယူဆောင်ရွက်ချက်တွေ၊ တိုက်ခိုက်မှုတွေရှိမှာစိုးလို့ သူတို့အနေနဲ့ကတော့ ဆောင်ရွက်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ အချက်အလက်တွေအရ ကျွန်တော်ကိုတောင်မှ သူတို့အနေနဲ့ အပြည့်အဝမပြောပါဘူး။ ဆိုလိုတဲ့အချက်ကတော့ ကျွန်တော်တို့ အခု ဆောင်ရွက်နေတဲ့လုပ်ငန်းကဆိုရင် နိုင်ငံတော်အတွက် အင်မတန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့က ဒါကတော့ ကျွန်တော်တို့နိုင်ငံတော်အကြီးအကဲများရဲ့ မူအရ ထိုက်သင့်တဲ့အချိန်မှာတော့ ထိုက်သင့်တဲ့အတိုင်းအတာအထိ လွှတ်တော်ကို အသိပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**လယ်ဝေးမြို့နယ်ရှိ အာဆီယံပြည်ထောင်စုလမ်းမကြီးနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းသို့ ဆက်သွယ် ဖောက်လုပ်ထားသည့် ရွှေပြည်တော်ဝင်လမ်းပေါ်တွင် အများပြည်သူသွားလာ၍မရအောင် ပိတ်ဆို့ထား သည့် ရထားသံလမ်းကူးဂိတ်အတားအဆီးအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူတွေဖြတ်သန်းသွားလာလို့ မရအောင် လမ်းပိတ်ဆို့ထားတဲ့ ရထားသံလမ်းဂိတ်အတားအဆီးအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူ တွေရဲ့ လူမှုစီးပွားဘဝတွေ တိုးတက်လာစေဖို့ဆိုရင် ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်းပန်း ဆက်သွယ်ရေးဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်လို့နေပါတယ်။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံအနှံ့လမ်းများဖောက်လုပ်ပေးနေတဲ့ ဒီလိုအချိန်မှာ ရှိပြီးသား လမ်း၊ ဖောက်လုပ်ပြီးသားလမ်းတွေကို အများပြည်သူတွေဖြတ်သန်းသွားလာလို့မရအောင် မီးရထားဌာနက လမ်းပိတ်ဆို့ထားမှုအား လွန်စွာမှ အရုပ်ဆိုးအကျည်းတန်လှပါတယ်။ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ အာဆီယံပြည်ထောင်စုလမ်းမကြီးနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းကြားမှာရှိတဲ့ ကျေးရွာအုပ်စုတွေ ဖြစ်ကြတဲ့ ပြည်ဝင်၊ ဝက်ကပူ၊ ညိုပင်၊ သက်ကယ်ကျဉ်းစတဲ့ ကျေးရွာအုပ်စုချင်းဆက်လမ်း ရွှေပြည်တော်ဝင်ဝင်လမ်းမကြီးကို နိုင်ငံတော်ကနေ ငွေကြေးအမြောက်အမြားအကုန်အကျခံပြီး ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီလမ်းဖောက်လုပ်ခဲ့ပြီး မကြာခင်မှာပဲ မီးရထားဌာနက ရထား သံလမ်းကူးရှိတဲ့နေရာကို သံပေါင်အတားအဆီးတွေနဲ့ ပြည်သူတွေဖြတ်သန်းသွားလာလို့မရအောင် လမ်းပိတ်ဆို့ခဲ့ပါတယ်။ အခုလို လမ်းပိတ်ဆို့ထားတာကြောင့် မီးဘေးအန္တရာယ်အတွက် မီးသတ် ကားများ၊ အရေးပေါ်လူနာတင်ယာဉ်များ သွားလာလို့မရခြင်း၊ ကျောင်းသား ကျောင်းသူများ သွားလာရေးခက်ခဲနေခြင်း စတဲ့ဒုက္ခမျိုးစုံကို ဒေသခံပြည်သူတွေ နေ့စဉ်ကြုံတွေ့ခံစားနေရပါတယ်။ ဒါကြောင့် နေပြည်တော်ကောင်စီဝင်အပါအဝင် မီးရထားဌာနက တာဝန်ရှိသူများနှင့်အတူ လမ်းပိတ်ဆို့ ထားတဲ့ ရထားသံလမ်းကူးရှိတဲ့နေရာကို သုံး၊ လေးကြိမ်ခန့် ကိုယ်တိုင်သွားရောက်ကြည့်ရှုခဲ့ပါတယ်။ ပြည်သူတွေ ဖြတ်သန်းသွားလာလို့မရအောင် သံပေါင်တန်းတွေနဲ့ လမ်းပိတ်ဆို့ထားတဲ့ သံလမ်းဂိတ် အား ပြန်လည်ဖွင့်လှစ်ပေးနိုင်ဖို့ တာဝန်ရှိသူတွေနဲ့ အကြိမ်ကြိမ် ညှိနှိုင်းပြောဆိုသော်လည်း ပြေလည်မှု မရရှိတာကြောင့် အခုလို လွှတ်တော်ထဲကနေ မေးမြန်းရတဲ့အထိ ရောက်ရှိလာရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီရုံးကနေ အကြောင်းကြီးငယ်ရှိလို့ ရွှေပြည်တော်ဝင်လမ်းမကြီးကို အသုံးပြုပြီး အာဆီယံလမ်းမကြီးပေါ်ကို သွားမယ်ဆိုပါက မိနစ် ၃၀ အတွင်း ရောက်ရှိနိုင်ပါတယ်။ အခုအခါမှာတော့ မီးရထားဌာနက အများပြည်သူတွေ သုံးစွဲလို့ မရအောင် လမ်းပိတ်ဆို့ထားတာကြောင့် မိနစ် ၃၀ နဲ့ အရောက်သွားနိုင်မယ့်နေရာကို နှစ်နာရီနီးပါး ကြာအောင် ပတ်မောင်းပြီးသွားနေရတာဟာ ဖြစ်သင့်ပါရဲ့လားဆိုတာ စဉ်းစားဖို့လိုပါတယ်။ ကျေးရွာ

အုပ်စုချင်းဆက်လမ်းဖြစ်တဲ့ ရွှေပြည်တော်ဝင်လမ်းမကြီးဟာ ဒေသခံပြည်သူတွေအတွက်သာမကဘဲ နေပြည်တော်ကောင်စီရဲ့ အုပ်ချုပ်ရေးနှင့် နယ်မြေလုံခြုံရေးအတွက်ပါ အလွန်အရေးပါတဲ့ လမ်းတစ်လမ်းလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ဝေးမြို့နယ်အတွင်းရှိ အာဆီယံပြည်ထောင်စု လမ်းမကြီးနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းသို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ရွှေပြည်တော်ဝင် လမ်းပေါ်တွင် အများပြည်သူတွေ ဖြတ်သန်းသွားလာလို့မရအောင် လမ်းပိတ်ဆို့ထားတဲ့ ရထားသံလမ်း ဂိတ်အတားအဆီးအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၏ လယ်ဝေးမြို့နယ်ရှိ အာဆီယံပြည်ထောင်စု လမ်းမကြီးနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းတို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ရွှေပြည်တော်ဝင် လမ်းပေါ်တွင် အများပြည်သူသွားလာ၍မရအောင် ပိတ်ဆို့ထားတဲ့ ရထားသံလမ်းကူးဂိတ် အတားအဆီးအား ပြန်လည်ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ရန်ကုန်-မန္တလေးရထားလမ်း မိုင်တိုင်အမှတ်(၂၁၉)မှာတည်ရှိတဲ့ ပြည်ဝင်ဘူတာယာဒ်ဝင်းလမ်း ၄ လမ်းဖြင့်တည်ဆောက်ထားပြီး ဘူတာရဲ့ ရန်ကုန်ဘက်ခြမ်း မိုင်တိုင်အမှတ်(၂၁၈) ကြေးနန်းခန်း အမှတ်(၂၃)နှင့် (၂၄)ကြားမှာ ယာဒ်ဝင်း(၄)လမ်းကို ဖြတ်သန်းတဲ့ လမ်းကူးတစ်ခုနှင့် ဘူတာရဲ့ မန္တလေး ဘက်ခြမ်း မိုင်တိုင် (၂၁၉)၊ ကြေးနန်းခန်းအမှတ်(၁၃)နှင့်(၁၄)ကြားမှာ အစုန်/အဆန် ရထားလမ်းမကြီး နှစ်ခုကို ဖြတ်သန်းတဲ့ ရွှေပြည်တော်ဝင်လမ်းကူးတစ်ခုတို့ရှိရာ အဆိုပါ လမ်းကူးနှစ်ခုတို့မှာ တစ်မိုင် အတွင်း နီးကပ်စွာတည်ရှိနေပါတယ်။ ဘူတာ၏ ရန်ကုန်ဘက်ခြမ်းမှာ တည်ရှိတဲ့ လမ်းကူးဟာဆိုရင် ရထားလမ်း၏ အနောက်ဘက်ရှိ ပြည်ဝင်ကျေးရွာအုပ်စုရွာများနှင့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ကို ဆက်သွယ်ဖြတ်သန်းလျက်ရှိပြီး ကျေးရွာနေပြည်သူများ အသုံးပြုနေတဲ့လမ်းဖြစ်ပါတယ်။ မန္တလေး ဘက်ခြမ်းမှာရှိတဲ့ ရွှေပြည်တော်ဝင်လမ်းကူးဟာဆိုရင် ရန်ကုန်-မန္တလေးကားလမ်းဟောင်းနဲ့ ဆက်သွယ်ထားပြီး ပြူတွင်း-လယ်ဝေးအကြား ရထားလမ်း၊ ပျဉ်းမနား-လယ်ဝေးကားလမ်းကို ဖြတ်ကာ နေပြည်တော်သို့ တိုက်ရိုက်သွားလာနိုင်သော မြို့ရှောင်လမ်းဖြစ်ပါတယ်။ အဲဒီ ရွှေပြည်တော်ဝင် လမ်းကူးမှာ ၁၇-၁-၂၀၁၄ ရက်နေ့က ရထားနှင့် သုံးဘီးဆိုင်ကယ်တိုက်မိတဲ့ မတော်တဆမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ တစ်ဦးနှင့် ဒဏ်ရာရသူတစ်ဦးရှိခဲ့မှုကြောင့် မြန်မာ့မီးရထားအနေဖြင့် မတော်တဆမှုထပ်မံ မဖြစ်ပွားစေရေးအတွက် သံလမ်းဖြင့်ကာရံ၍ ပိတ်ပင်ထားခဲ့ပါတယ်။

**မူကြမ်း**

ရန်ကုန်-မန္တလေးရထားလမ်း ခရီးမိုင် ၃၈၅.၅ မိုင်အတွင်း၌ တရားဝင်လမ်းကူး ၂၈၁ ခုနှင့် တရားမဝင်လမ်းကူး ၁၈၁ ခု စုစုပေါင်း ၄၆၂ ခုရှိနေပါတယ်။ အဆိုပါလမ်းကူးများမှာ ရထားနှင့် ကုန်းလမ်းသွားယာဉ်များတိုက်မိတဲ့ မတော်တဆမှုများအနေဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ၄၂ ကြိမ် ဖြစ်ပွားခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၁၉ ဦးနှင့် ဒဏ်ရာရရှိသူ ၁၆ ဦး ရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် တစ်နှစ်တာကာလအတွင်း၌ မြန်မာတစ်နိုင်ငံလုံးရှိ ရထားလမ်းပိုင်း အသီးသီးမှာ မတော်တဆမှု စုစုပေါင်း အကြိမ် ၃၅၀ ဖြစ်ပွားခဲ့တဲ့အနက် ရထားလမ်းကူးများမှာ တိုက်ခိုက်မှု ၈၈ ကြိမ် ဖြစ်ပွားခဲ့တဲ့အတွက် ၂၅ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်ခဲ့ပါတယ်။

ရထားလမ်းကူးများမှာ မတော်တဆမှု တိုးတက်များပြားလာသည့်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တရားမဝင်ဂိတ်ပေါင်း ၂၄၈၅ ဂိတ်ကို ပိတ်သိမ်းနိုင်ရေးအတွက် ၂-၁-၂၀၁၈ ရက်နေ့မှာ နိုင်ငံတော် သမ္မတရုံးသို့တင်ပြခဲ့ရာ ဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တရားမဝင်ဂိတ်များ ပိတ်သိမ်းနိုင်ရေးအတွက် နေပြည်တော် ကောင်စီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ၁၈-၁-၂၀၁၈ ရက်နေ့မှာ အကြောင်းကြားပေးထားပြီးဖြစ်ပါတယ်။ မြန်မာ့မီးရထားရဲ့ သွားလာရေးအထွေထွေနည်းဥပဒေများ အရ တစ်မိုင်အတွင်း လမ်းကူးနှစ်ခုမရှိရဟူသော ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ယခု ဂျပန်နိုင်ငံ အစိုးရရဲ့ချေးငွေအကူအညီဖြင့် ဆောင်ရွက်နေတဲ့ ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းပြီးစီးပါက ရထားပြေးဆွဲမှု အမြန်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ ခန့်အထိ တိုးမြှင့်လာမည် ဖြစ်၍ အန္တရာယ်ပိုများလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ရထားလမ်း လေးလမ်းကို ဖြတ်သန်းလျက် ရှိတဲ့ ရန်ကုန်ဘက်ခြမ်း မိုင်တိုင်အမှတ်(၂၁၈)၊ ကြေးနန်းခန်းအမှတ်(၂၃)နှင့်(၂၄)ကြားရှိ တရားမဝင် လမ်းကူးအား ပိတ်သိမ်းနိုင်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ ပြန်လည်ဖွင့်လှစ်ပေးရန် မေးမြန်းထားတဲ့ မန္တလေးဘက်ခြမ်း မိုင်တိုင်အမှတ်(၂၁၉)၊ ကြေးနန်းခန်းအမှတ်(၁၃)နှင့်(၁၄)ကြားရှိ ရွှေပြည်တော်ဝင်ကားလမ်းကူးနေရာအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် မြန်မာ့မီးရထား ရုံးချုပ်အဆင့်၊ တိုင်းအဆင့်များမှ တာဝန်ရှိသူများသို့ ကွင်းဆင်းကြည့်ရှုခြင်း၊ ဒေသခံပြည်သူများကို တွေ့ဆုံ၍ ရှင်းလင်းတင်ပြခြင်း၊ ဒေသခံပြည်သူများ၏ သဘောတူညီမှုများ ရယူခြင်းတို့ကို ဆောင်ရွက် ခဲ့ပြီးဖြစ်ပါတယ်။

ရွှေပြည်တော်ဝင်လမ်းမကြီးပေါ်သို့ သွားလာရာမှာ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေး အတွက် ရန်ကုန်-မန္တလေးရထားလမ်း မိုင်တိုင်အမှတ်(၂၁၈)၊ ကြေးနန်းခန်းအမှတ်(၂၃)နှင့် (၂၄) ကြားရှိ ရွာအဝင်လမ်းမှ မိုင်တိုင်အမှတ်(၂၁၉)၊ ကြေးနန်းခန်းအမှတ်(၁၃)နှင့်(၁၄)ကြားရှိ ရွှေပြည်တော် ဝင်လမ်းအထိ ရထားလမ်း၏ အရှေ့ဘက်ခြမ်းမှ အရှည်ပေ ၈၀၀၊ အနောက်ဘက်ခြမ်းမှ အရှည် ၃၃၀၀ ပေရှိ အကျယ် ၁၂ ပေ မြေသားလမ်းများဖောက်လုပ်ခြင်း၊ အချင်း ၄ လက်မရှိ ပြွန်ပေါက် တံတား သုံးလုံးဆောက်လုပ်ခြင်းတို့ကို မြန်မာ့မီးရထားအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ် ပါတယ်။

**မူကြမ်း**

ရန်ကုန်-မန္တလေးရထားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၂၁၉)၊ ကြေးနန်းခန်းအမှတ်(၁၃)နှင့် (၁၄) ကြားရှိ ကားလမ်းကူးအား ပြန်လည်ပြုပြင်ခြင်း၊ ရထားလမ်းဘေးနှစ်ဖက်မှာ ဒေသခံပြည်သူများ သွားလာနိုင်ရန် ရွာအဝင်လမ်းများဖောက်လုပ်ပေးခြင်း၊ ပွန်ပေါက်တံတားများဆောက်လုပ်ခြင်း၊ ဂိတ်တံခါးနှင့် ဂိတ်တဲများပြုလုပ်ခြင်း၊ ဂိတ်စောင့်များနေထိုင်နိုင်ရန် နှစ်ခန်းတွဲ နေအိမ်ပြုပြင်ခြင်း၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ် ၄၀.၂ သန်းခန့်ကုန်ကျမည်ဖြစ်ပြီး ၎င်းကုန်ကျငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြန်မာ့မီးရထား၊ မြို့ပြ အင်ဂျင်နီယာဌာန သာမန်အသုံးစရိတ်မှ ကျခံ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်ခန့်တွင် ပြီးစီးအောင် ဆောင်ရွက်ရန် စီစဉ်လျာထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**မော်တော်ယာဉ်လိုင်စင်သက်တမ်းတိုးရန် ယာဉ်စစ်ဆေးရေးဌာန(Vehicle Inspection Centers) များကို ပုဂ္ဂလိကပြုလုပ်၍ သတ်မှတ်ချက်နှင့်ညီသော ကားပြင်ဝန်ဆောင်မှုများကို စည်းကမ်းများအတိုင်း ဆောင်ရွက်စေသည့်စနစ် အကောင်အထည်ဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ မော်တော်ယာဉ် လိုင်စင်သက်တမ်းတိုးဆောင်ရွက်ရန်အတွက် ယာဉ်စစ်ဆေးရေးဌာန(Vehicle Inspection Centers)များကို ပုဂ္ဂလိကပြုလုပ်၍ သတ်မှတ်ချက်နှင့်ညီသော ကားပြင်ဝန်ဆောင်မှုများ ကို သတ်မှတ်စည်းကမ်းများအတိုင်း ဆောင်ရွက်စေသည့်စနစ် လက်ရှိအစိုးရသက်တမ်းအတွင်း အကောင်အထည်ဖော်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်မှာ မော်တော်ယာဉ်လိုင်စင်သက်တမ်းတိုး လုပ်ငန်း တွေဆောင်ရွက်တဲ့နေရာမှာ ကညနမှာဆောင်ရွက်ရပြီးတော့မှ အဆင့်ဆင့်သောစစ်ဆေးရေး တွေ ဆောင်ရွက်တဲ့နေရာမှာလည်းပဲ ကညနမှာပဲဆောင်ရွက်ရတာဖြစ်ပါတယ်။ အစိုးရကနေမှ Process ကြီး တစ်ခုလုံးကို တာဝန်ယူရတဲ့အခါမှာ ပြဿနာငါးခု အဓိကတွေ့ရပါတယ်။ တစ်ခုကတော့ နေရပ်ဝေး တဲ့လူတွေအတွက် အခက်အခဲဖြစ်စေတာဖြစ်ပါတယ်။ ကားတွေကို အဝေးကြီးကနေမှ မော်တော်ယာဉ်သက်တမ်းတိုးတဲ့နေရာရောက်အောင် မောင်းလာရတဲ့အခက်အခဲဖြစ်ပါတယ်။ နောက်တစ်ခုကကျတော့ စောင့်ဆိုင်းရတဲ့အချိန်ကြာမြင့်မှုဖြစ်ပါတယ်။ နောက်တစ်ခုကကျတော့ မလိုလားအပ်တဲ့ပွဲစားတွေ အလုပ်ဖြစ်လာတာ ဖြစ်ပါတယ်။ ပွဲစားတွေပေါ်လာလို့ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လာဘ်ပေးလာဘ်ယူမှုတွေ၊ မလိုလားအပ်တဲ့လာဘ်ပေးလာဘ်ယူမှုတွေ ဖြစ်ပေါ် နိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ အစိုးရအနေနဲ့အစိုးရကတာဝန်ယူပေးရတဲ့ အတွက်ကြောင့်မို့လို့ ဝန်ထမ်းအင်အားတွေ၊ လစာတွေ အသုံးပြုရတာဖြစ်ပါတယ်။ အစိုးရက ဝန်ထုပ် ဝန်ပိုးတစ်ခုကို ပိုပြီးတော့မှထမ်းရတာဖြစ်ပါတယ်။ အခုချိန်မှာ မော်တော်ယာဉ်စက်ပြင်ဝန်ဆောင်မှု လုပ်ငန်းတွေဟာ တိုးတက်ကောင်းမွန်လာပြီဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်းပဲ မော်တော်ယာဉ်

အသုံးပြုသူ အရမ်းများလာပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မော်တော်ယာဉ်စစ်ဆေးရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင် ပြုလုပ်ဖို့ရာအတွက်ကို အချိန်အခါသင့်နေပြီဖြစ်ပါတယ်။ အစိုးရကသာ သတ်မှတ်ချက်တွေထုတ်ပြန်ပြီးတော့မှ သတ်မှတ်ချက်နှင့်ညီတဲ့၊ လျှောက်ထားတဲ့လုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ပေးလိုက်မယ်ဆိုလို့ရှိရင် ပြဿနာတော်တော်များများပြေလည်သွားပြီးတော့မှ အစိုးရကလည်းပဲ ဝန်ထုပ်ဝန်ပိုးတစ်ခု လျော့နည်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းကို ပုဂ္ဂလိကပိုင်ပြုလုပ် ပေးနိုင်ခြင်းရှိ/မရှိ စည်းကမ်းချက်တွေသတ်မှတ်ပြီးတော့မှ အပြင်ကဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ခွင့်ပေးနိုင်ခြင်းရှိ/မရှိမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်၏ မော်တော်ယာဉ်လိုင်စင်သက်တမ်းတိုးရန်အတွက် ယာဉ်စစ်ဆေးရေးဌာန(Vehicle Inspection Centers)များကို ပုဂ္ဂလိကပြုလုပ်၍ သတ်မှတ်ချက်နှင့် ညီတဲ့ကားပြင်ဝန်ဆောင်မှုများကို သတ်မှတ်စည်းကမ်းများအတိုင်း ဆောင်ရွက်စေသည့်စနစ်၊ လက်ရှိအစိုးရသက်တမ်းမှာ အကောင်အထည်ဖော်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ကျွန်တော် ဦးကျော်မျိုးက ဆက်လက်ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့အတိုင်း မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်စေသင့်သူကို ကောင်းစွာနားလည်လက်ခံတဲ့အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်နည်းဥပဒေများ(မူကြမ်း)ရေးဆွဲရာမှာ အဲဒီကိစ္စရပ်ကို ထည့်သွင်းပြုစုထားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်းခဲ့ပြီးနောက် နည်းဥပဒေများကို ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှာ နည်းဥပဒေများ(မူကြမ်း)ကို အပြီးသတ်ပြုစု၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ဥပဒေကြောင်းအရ စိစစ်မှုကိုခံယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်တွင်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းများ ဆောလျင်စွာစတင်ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အသိပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများစတင်နိုင်ရေးအတွက် စီမံပြင်ဆင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း ၂၀၁၆ ခုနှစ် ဇွန်လမှာ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းမှ မော်တော်ယာဉ်ဥပဒေအား ပြန်လည်စိစစ်သုံးသပ်ပေးရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့သဖြင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီမှဦးဆောင်၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အစည်းအဝေးနှစ်ကြိမ်ပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေကို ပြန်လည်ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါဆုံးဖြတ်ချက်အရ

ဥပဒေကိုပြင်ဆင်နေချိန်မှာ ၎င်းဥပဒေအရ ရေးဆွဲထားတဲ့နည်းဥပဒေများကို ဆိုင်းငံ့ထားသင့်ကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ အကြံပြုသဖြင့် နည်းဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအား ဆိုင်းငံ့ထားခဲ့ရပါတယ်။

ဒါပေမဲ့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများကို ဆောလျင်စွာစတင်ဆောင်ရွက်ရန်လိုအပ်နေခြင်း၊ ဌာနအနေဖြင့်လည်း ၎င်းလုပ်ငန်းကို အမြန်ဆုံးစတင်အကောင်အထည်ဖော်လိုခြင်းတို့ကြောင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် မော်တော်ယာဉ်ဥပဒေပြင်ဆင်ရေးကိစ္စများ ဆွေးနွေးဆောင်ရွက်နေစဉ်အတွင်း နည်းဥပဒေများမပြဋ္ဌာန်းနိုင်မီ မည်သို့ကျော်လွှားဆောင်ရွက်နိုင်မည်ကို အကြံဉာဏ်တောင်းခံခဲ့ပါတယ်။ ၂၂-၂-၂၀၁၇ ရက်နေ့ ပြည်သူ့လွှတ်တော်ရေးရာအဆောင် I-1 ၌ကျင်းပပြုလုပ်ခဲ့တဲ့ မော်တော်ယာဉ်ဥပဒေကိုပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)နှင့် ပတ်သက်တဲ့ အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်တစ်ဦးအား မော်တော်ယာဉ်ဥပဒေပုဒ်မ ၈၁(က)နှင့် (ခ)အရ ပုဂ္ဂလိက မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ နည်းဥပဒေများထွက်ရှိသည်အထိမစောင့်ဘဲ စည်းမျဉ်း သို့မဟုတ် စည်းကမ်း သို့မဟုတ် လုပ်ထုံးလုပ်နည်းတစ်ရပ်ရေးဆွဲ၍ ဆောင်ရွက်၍ရနိုင်ပါကြောင်း အကြံပြုခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ဥပဒေနှင့် နည်းဥပဒေများ မထုတ်ပြန်နိုင်မီကာလအတွင်း မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအတွက် စည်းမျဉ်းများရေးဆွဲ၍ စတင်ဆောင်ရွက်နိုင်ရန် ကညနအနေဖြင့် ကြိုးပမ်းခဲ့ပြီး မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်ပတ်သက်တဲ့စည်းမျဉ်းများ(မူကြမ်း)ကို ရေးဆွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်နှစ်ကြိမ် တင်ပြတောင်းခံဆောင်ရွက်ခဲ့ပါတယ်။ ၁၂-၉-၂၀၁၇ ရက်နေ့မှာ စည်းမျဉ်းများအဖြစ် ထုတ်ပြန်ခြင်းမပြုဘဲ နည်းဥပဒေအဖြစ်သာ ထုတ်ပြန်သင့်ကြောင်းကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၆-၂-၂၀၁၈ ရက်နေ့မှာ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းဆိုင်ရာကိစ္စများသည် တည်ဆဲမော်တော်ယာဉ်ဥပဒေ ပုဒ်မ ၇၅(က)အရ ဝန်ကြီးဌာနက နည်းဥပဒေများထုတ်ပြန်ရာမှာ ပါဝင်စေရန် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် စည်းမျဉ်းအဖြစ်ထုတ်ပြန်ရန် မသင့်ကြောင်းကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထားမှတ်ချက်အသီးသီး ပြန်ကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းသဘောထားမှတ်ချက်များနှင့်အညီ မော်တော်ယာဉ်နည်းဥပဒေများ ထုတ်ပြန်နိုင်ချိန်၌သာ ထည့်သွင်းပြဋ္ဌာန်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကညနအနေဖြင့် လက်ရှိရေးဆွဲထားပြီးဖြစ်တဲ့ မော်တော်ယာဉ်နည်းဥပဒေများ(မူကြမ်း)မှာ ကားပြင်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ချိတ်ဆက်ထည့်သွင်းထားခြင်းမရှိဘဲ ယာဉ်စစ်ဆေးခြင်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ခွင့်ရှိရန်သာ ထည့်သွင်းရေးဆွဲထားသည့်နည်းဥပဒေ(မူကြမ်း)ဖြစ်ပါတယ်။ မော်တော်ယာဉ်တည်ဆောက်ခြင်း၊ တပ်ဆင်ထုတ်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သီးသန့်ဥပဒေတစ်ရပ်အား စက်မှုဝန်ကြီးဌာနမှ ပြုစုရေးဆွဲလျက်ရှိကြောင်း သိရှိရပါတယ်။

လက်ရှိမှာ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းဆောင်ရွက်ခွင့်ပြုမည့် နည်းဥပဒေများအပါအဝင် မော်တော်ယာဉ်နည်းဥပဒေများ(မူကြမ်း)ကို အသင့်ပြင်ဆင်ပြုစုထားပြီး ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေကို ပြန်လည်ပြင်ဆင်တဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)ကို ဥပဒေကြောင်းအရစိစစ်နိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၆-၉-၂၀၁၇ ခုနှစ်တွင်တစ်ကြိမ်၊ ၂၉-၅-၂၀၁၈ ရက်နေ့တွင်တစ်ကြိမ် ပေးပို့ခဲ့ပြီး နောက်ဆုံးအနေနဲ့ ၂၆-၉-၂၀၁၈ ရက်နေ့မှာ ထပ်မံတင်ပြထားဆဲဖြစ်ပါတယ်။ အဲဒီဥပဒေပြဋ္ဌာန်းပြီးတဲ့အခါမှာ မော်တော်ယာဉ်နည်းဥပဒေများကို ဆက်လက်ထုတ်ပြန်ပြီး ပုဂ္ဂလိကယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို အမြန်ဆုံးစိစစ်ခွင့်ပြုဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပုဏ္ဏားကျွန်းမြို့နယ်၊ တောဖျားချောင်းဒေသ၊ ဆင်သီပိန်နွဲတောကျေးရွာဆိပ်ကမ်း၌ ပြိုကျပျက်စီးသွားသော ကမ်းထိန်းနံရံ ၁၅၀ ပေနှင့် ကမ်းပြိုမြေ ၁၃၀၀ ပေခန့်တို့ကို စနစ်တကျတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ပုဏ္ဏားကျွန်းမြို့နယ်ရဲ့ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့၊ ဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ တောဖျားချောင်းဒေသ ဆင်သီပိန်နွဲတောကျေးရွာမှာ ပျက်စီးပြိုကျလျက်ရှိနေတဲ့ ကမ်းထိန်းနံရံနဲ့ဆိုင်တဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်သီပိန်နွဲတောကျေးရွာဟာ ပုဏ္ဏားကျွန်းမြို့ရဲ့ မြောက်ဘက် တောဖျားချောင်းအတိုင်း မိုင် ၄၀ ခန့်အကွာ တောဖျားချောင်းရဲ့ အရှေ့ဘက်ကမ်းနဖူး ပေါ်မှာ တည်ရှိပါတယ်။ ကျေးရွာကို မြေပြန့်အနည်းငယ်နှင့် တောင်ကုန်းတောင်ဇောင်းများမှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ရွာမှာ အိမ်ပေါင်း ၄၇၄ ဆောင်၊ လူဦးရေ ၂၆၀၀ ခန့် နေထိုင်လျက်ရှိပါတယ်။ ကျေးရွာမှာ အစိုးရအလယ်တန်းကျောင်းရှိပြီး ဆရာဆရာမ ၁၃ ဦးနှင့် ကျောင်းသားဦးရေ ၄၈၀ ဦးခန့် ပညာသင်လျက်ရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ စာသင်ဆောင်သုံးဆောင်နှင့် ဆရာဆရာမနေအိမ်များမှာလည်း ချောင်းနှင့် ကိုက် ၅၀၊ ကိုက် ၂၀ ခန့်သာ ကွာဝေးပါတယ်။ ကျေးရွာဆိပ်ကမ်းမှာ နေအိမ်များနဲ့ ကပ်လျက်ကမ်းပြိုများမှာ ပေ ၁၆၀၀ ခန့် ပြိုကျလျက်ရှိနေပါတယ်။ ၂၀၁၅ ခုနှစ်က ကမ်းပြိုပေ ၃၀၀ ခန့်ကို နိုင်ငံတော်အစိုးရက ခွင့်ပြုငွေကျပ် သန်း ၂၀၀ နဲ့ ကမ်းထိန်းနံရံကို တည်ဆောက်ပေးခဲ့ပါတယ်။ ယင်းပေ ၃၀၀ ထဲမှ ၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ ပေ ၁၅၀ ခန့် လူနေအိမ်များအထိအောင် ပြိုကျပျက်စီးခဲ့ပြီး ၂၀၁၈ ခုနှစ် မိုးရာသီမှာ နောက်ထပ် ပေ ၁၀၀ ခန့် ပြိုကျပျက်စီးခဲ့ပါတယ်။ ယခုအခါ ပေ ၅၀ ခန့်သာ ကျန်ရှိပါတော့တယ်။ ဒီအတိုင်းဆိုလို့ရှိရင် နောင်နှစ်အနည်းငယ်အတွင်းမှာ တစ်ရွာလုံးပြိုကျပျက်စီးသွားမယ့်အခြေအနေရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ဆင်သီပိန်နွဲတောကျေးရွာမှာ ပြိုပျက်နေတဲ့ ကမ်းထိန်းနံရံဖြစ်ပါတယ်။ ဒါကလည်း ပြိုပျက်နေတဲ့ကမ်းထိန်းနံရံနဲ့

လူနေအိမ်ခြေများအထိ ဒေသများကွဲနေပုံဖြစ်ပါတယ်။ ဒါကတော့ ကမ်းထိန်းနံရံအပိုင်းလိုက် ကွဲနေပုံဖြစ်ပါတယ်။ ဒါကတော့ ပြိုကျပြီး ကျန်နေတဲ့အပိုင်းဖြစ်ပါတယ်။ ဒါလည်းပဲ ပြိုပျက်ပြီး ကျန်နေတဲ့ ပေ ၅၀ အပိုင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ်းထိန်းနံရံ ပေ ၃၀၀ တည်ဆောက်ပြီးလို့ မကြာမီ ပြိုကျပျက်စီးခဲ့ခြင်းမှာ သဘာဝကြောင့်လား။ တည်ဆောက်တဲ့ကုမ္ပဏီရဲ့အားနည်းချက်ကြောင့်လား ဆိုတာ ကျွမ်းကျင်သူအင်ဂျင်နီယာများမှ သုံးသပ်လေ့လာပြီး ခေတ်မီနည်းစနစ်များနှင့် ပြန်လည်တည်ဆောက်ပေးရန် လိုအပ်နေပါတယ်။ မြစ်ချောင်းဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်စဉ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပြည်ထောင်စုဘတ်ဂျက် ပြည်ပချေးငွေများနဲ့ တည်ဆောက်ပေးနေတာ တွေ့ရလို့ ဝမ်းသာအားရဖြစ်မိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းဒေသ ဆင်သီပိန္နဲတောကျေးရွာဆိပ်ကမ်း၌ ပြိုကျပျက်စီးသွားတဲ့ ကမ်းထိန်းနံရံ ပေ ၁၅၀ နှင့် ကမ်းပြိုမြေ ၁၃၀၀ ပေခန့်တို့ကို စနစ်တကျတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးပါမည်နည်းဆိုတာကို သိရှိလိုပါ၍ မဲဆန္ဒရှင်များရဲ့ တောင်းဆိုချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်၏ ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းဒေသ ဆင်သီပိန္နဲတောကျေးရွာဆိပ်ကမ်း၌ ပြိုကျပျက်စီးသွားတဲ့ကမ်းထိန်းနံရံ ပေ ၁၅၀ နှင့် ကျန်ရှိတဲ့ကမ်းပြိုမြေ အရှည် ပေ ၁၃၀၀ ခန့်တို့ကို စနစ်တကျတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးပါမည်နှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်လည်းကောင်း ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် (၆)လဘဏ္ဍာရေးကာလအထိ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့တဲ့ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၈ ခုနှစ် (၆)လအတွက်တွင်တစ်ခုရှိပါတယ်။ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့တဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၂၅ ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၁၆ ခု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခုနစ်ခု၊ ၂၀၁၈ ခုနှစ် (၆)လမှာ ခုနစ်ခု စုစုပေါင်း လုပ်ငန်း ၅၅ ခု ဆောင်ရွက်ခဲ့ပြီး ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း စုစုပေါင်း ၅၆ ခုအတွက်

စုစုပေါင်း ရန်ပုံငွေကျပ်သန်း ၁၃၅၇၁.၆၅၅ ကျခံသုံးစွဲခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အတွင်း ရခိုင်ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၂၇၃၄.၉၇၇ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကိုးခုကိုလည်းကောင်း၊ ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် ရခိုင်ပြည်နယ်ရှိမြစ်များ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းနှစ်ခုကိုလည်းကောင်း စုစုပေါင်း လုပ်ငန်း ၁၁ ခုကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းဒေသ ဆင်သီပိန္နဲတောကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျားပေ ၃၀၀ ကို R.C.Construction and Trading Co.,Ltd အား လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ရာ ၂၄-၁-၂၀၁၆ ရက်နေ့မှာ လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးအပ်နှံခဲ့ပါတယ်။ ယခုတင်ပြတဲ့ပုံကတော့ ပုဏ္ဏားကျွန်းမြို့နယ် ဆင်သီပိန္နဲတောကျေးရွာ၊ တောဖျားချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း အလျားပေ ၃၀၀ ဆောင်ရွက်ခဲ့တဲ့ နေရာပင်ဖြစ်ပါတယ်။ ယခု တင်ပြတဲ့ပုံကတော့ ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ ဒီဇိုင်းပုံစံဖြစ်ပါတယ်။ ဒီဇိုင်းပုံကတော့ မြေဝင် ၄၅ ပေရှိတဲ့ အချင်း လက်မ ၂၀ ဘိုးပိုင်နှစ်တန်းကို အခြေပြုပြီး RCC Pile Cap ၁ ပေခွဲထုလောင်းကာ အဆိုပါ Pile Cap အပေါ်မှာ မြေထိန်းနံရံအမြင့် ၈ ပေခွဲတည်ဆောက်ထားပါတယ်။ မြေထိန်းနံရံရဲ့ အရှေ့မှာမြစ်ကြမ်းပြင်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် သဲမွေ့ယာ ၁၅ ပေ ၊ ၁၂ ပေအရွယ် နှစ်တန်ချထားဆောင်ရွက်ထားပါတယ်။

ဒီပုံတွေကတော့ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်မှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ အလျားပေ ၃၀၀ ဆောင်ရွက်ထားတဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဒီပုံတွေကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြသွားပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ ဆင်သီတောဖျားချောင်းရဲ့ တောင်ကျရေတိုက်စားမှုကြောင့် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းပေ ၃၀၀ အနက် ပေ ၁၅၀ ခန့် ပြိုကျပျက်စီးခဲ့တဲ့မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ သုံးသပ်တွေ့ရှိရတဲ့ ဒီကျောက်စီမြေထိန်းနံရံပျက်စီးရတဲ့ အကြောင်းအရင်းတွေကတော့ လုပ်ငန်းဆောင်ရွက်တဲ့နေရာ တောဖျားချောင်းရဲ့ ဂငယ်ကွေ့တည့်တည့်မှာ တည်ရှိနေခြင်းကြောင့် တောင်ကျရေဦးထိုးမှုကိုခံရခြင်း၊ အချိန်တိုအတွင်း မိုးကြီးပြီးတော့ တောင်ကျချောင်းရေကျရောက်လာတာကြောင့် ချောင်းရေမြင့်တက်လာသည့် ကျောက်စီနံရံပေါ်ရေကျော်ခဲ့ရာ ရေပြန်ကျချိန်မှာ အောင်းရေတွန်းကန်မှုကြောင့် ကျောက်စီနံရံပြိုလဲသွားရခြင်း ဖြစ်ပါတယ်။ တောင်ကျချောင်းဖြစ်တဲ့အတွက် မြစ်ကြမ်းပြင် လျှောစောက်များပြားလာခြင်း၊ ချောင်းရဲ့ရေအနက်မှာ နွေရာသီရေစစ်ချိန်မှာ ၂၅ ပေခန့်အထိ ရေအနက်ရှိခြင်းကြောင့် အောက်ခြေလှိုက်စားမှုများဖြစ်ပေါ်ခြင်း၊ တည်ဆောက်တဲ့ကုမ္ပဏီအနေဖြင့် နည်းပညာပိုင်း အားနည်းမှုရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ပြိုကျသွားတဲ့ ကမ်းထိန်းနံရံ ပေ ၁၅၀ နှင့် ထပ်မံလိုအပ်တဲ့ အခြေအနေများကို ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ရရှိတဲ့အချက်အလက်များအပေါ်အခြေခံ၍ ဆောင်ရွက်သင့်တဲ့ အစီအမံများ ရေးဆွဲကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေမှာ ရန်ပုံငွေတင်ပြတောင်းခံပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်ဘူတာကြီးကို အခြေပြု၍ပြေးဆွဲနေသော မြို့ပတ်ရထားပြေးဆွဲမှုနှင့် လမ်းများ၊ ဘူတာရုံများကို မည်သည့်အဖွဲ့အစည်းနှင့်ပေါင်းစပ်၍ မည်သို့အဆင့်မြှင့်တင်နေသည်ဆိုသည့် စီမံကိန်းများကို ပွင့်လင်းမြင်သာအောင် ရှင်းလင်းတင်ပြရန်နှင့် မည်သည့်ခုနှစ်တွင်ပြီးစီးအောင် အကောင်အထည် ဖော်မည်ကိုသိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်ဘူတာကြီးကိုအခြေပြုပြေးဆွဲနေတဲ့ မြို့ပတ် ရထားပြေးဆွဲမှုနှင့် လမ်းများ၊ ဘူတာရုံများကို မည်သည့်အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ မည်သို့ အဆင့်မြှင့်တင်နေသည်ဆိုတဲ့စီမံကိန်းကို ပွင့်လင်းမြင်သာအောင် ရှင်းလင်းတင်ပြရန်နှင့် မည်သည့် ခုနှစ်တွင် ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်မည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရန်ကုန်မြို့နေ မိဘပြည်သူများအတွက် ဒီကနေ့မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ဆွေးနွေးမှုကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူဦးရေငါးသန်းကျော်ရှိတဲ့ ကျွန်တော်တို့ရန်ကုန် မြို့တော်ကြီးရဲ့ နိစ္စဓူဝခရီးသည်ပို့ဆောင်ရေးအခြေအနေနဲ့စပ်လျဉ်းပြီး အာရှဖွံ့ဖြိုးရေးဘဏ်(ADB Bank)က ၂၀၁၆ ခုနှစ်မှာ လေ့လာတွေ့ရှိချက်အရ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ အစီရင်ခံစာမှာပါရှိတဲ့ဖော်ပြချက်တွေအရ ရန်ကုန်မြို့နေ ပြည်သူလူထုရဲ့ နေ့စဉ်သွားလာအသုံးပြုတဲ့ ယာဉ်အမျိုးအစားတွေကို ခွဲခြားကြည့်ရင် စက်ဘီးအသုံးပြုမှုကို ၂၂.၅ ရာခိုင်နှုန်း၊ ဆိုင်ကယ်အသုံး ပြုသူဦးရေက ၇.၂ ရာခိုင်နှုန်း၊ ဘတ်စ်ကားကိုအသုံးပြုတဲ့ဦးရေက ၄၉.၄ ရာခိုင်နှုန်းစသည်ဖြင့် တွေ့ရှိ ရပြီး မြို့ပတ်ရထားကိုအသုံးပြုတာကတော့ ၁.၁ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါတယ်။ ဒီအချက် ကိုကြည့်မယ်ဆိုလို့ရှိရင် ခရီးသည် ၁၀၀ မှာ တစ်ယောက်သာ မြို့ပတ်ရထားကို အသုံးပြုနေကြောင်း တွေ့ရှိရပြီး အကျိုးဆက်အနေနဲ့ ရန်ကုန်မြို့တော်ကြီးမှာ ကားလမ်းတွေပိတ်နေတာ၊ လိုရာခရီးကို ရောက်ဖို့ နာရီပေါင်းများစွာ လမ်းပေါ်မှာပဲအချိန်ကုန်နေရတာ၊ အချိန်မီရောက်ဖို့ အိမ်ကနေ သုံး၊ လေးနာရီ စောထွက်ကြရတာ၊ အိမ်ပြန်နောက်ကျတာစတဲ့ဒုက္ခတွေကို ပြည်သူလူထုအနေနဲ့ နေ့စဉ်နဲ့ အမျှ ခါးစည်းခံစားနေရတာတွေ့ရပါတယ်။

မြို့ပတ်ရထားဆိုတာ လက်မှတ်ခက ၁၅ မိုင်အတွင်း ၁၀၀ ကျပ်သာပေးရပြီး ၁၅ မိုင်ကျော်မှ ၂၀၀ ကျပ်သာပေးရတဲ့အတွက် ရန်ကုန်မြို့နေပြည်သူလူထုအတွက် အင်မတန်မှ အားကိုးအားထားပြု ရမယ့် ခရီးသည်ပို့ဆောင်ရေးစနစ်ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေကို လေ့လာကြည့်ရင် ဘတ်စ်ကား အသုံးပြုတာထက် အများစုကရထားပို့ဆောင်ရေးကိုသာ အဓိကအားထားကြတာတွေ့မြင်နေရမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်တွေကိုလေ့လာကြည့်တဲ့အခါမှာ မြို့ပတ်ဘူတာပေါင်း ၃၈

ဘူတာရှိပြီး ဆင်ခြေဖုံးဘူတာအနေနဲ့ ၁၇ ဘူတာရှိတဲ့အတွက် မြို့တွင်း/မြို့ပြင်ခရီးသွားလာရေးအတွက် အင်မတန်မှထိရောက်တဲ့အနေအထားမှာရှိနေပါတယ်။ ခရီးစဉ်ကြာချိန်ကလည်း မြို့ပတ်တစ်ပတ်မှာ သုံးနာရီဝန်းကျင်ကြာတာဖြစ်ပြီးတော့ တစ်ခါတည်းမြို့လယ်ခေါင်ကို ရောက်ရှိနိုင်တာမို့ ကျွန်တော်တို့ ရန်ကုန်ရဲ့ လတ်တလောရင်ဆိုင်နေရတဲ့ ကားလမ်းပိတ်မှုပြဿနာ၊ ကားကြပ်မှုပြဿနာ၊ ညနေမိုးချုပ် Out site ကားပြဿနာ၊ Taxi စီးသူတွေရဲ့မလုံခြုံတဲ့ပြဿနာစတာတွေကို ကျော်လွှားနိုင်ဖို့အတွက် အဓိကထွက်ပေါက်ဟာ မြို့ပတ်ရထားပို့ဆောင်ရေးစနစ်မဖြစ်မနေ အဆင့်မြှင့်တင်ဖြေရှင်းရေးသာ ဖြစ်တယ် လို့ဆိုတာ အလွန်ထင်ရှားနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျပန်နိုင်ငံ ဖွံ့ဖြိုးရေးအေဂျင်စီ(JICA)အကူအညီနဲ့ ရန်ကုန်မြို့ပတ်ရထားအဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၃ခုနှစ်လောက်က စတင်ဆောင်ရွက်နေတယ် လို့ကြားသိရပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်း(အနောက်ခြမ်း)၊ (အရှေ့ခြမ်း) အဆင့်မြှင့်တင်ရေး တွေကိုလည်း ပုဂ္ဂလိကကုမ္ပဏီများနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ မိုးပျံရထားလုပ်ဖို့ မလိုသေးမီ လက်ရှိလမ်း၊ ဘူတာနဲ့ ရထားအမြန်နှုန်းစတာတွေကို မြှင့်တင်ရန်လည်း ကြားသိနေရ ပါတယ်။ ဒီလိုလုပ်လိုက်ရင် သတိပြုသင့်တာတွေကိုလည်း Awareness Campaign တွေ လုပ်နေတာလည်း သတိထားမိပါတယ်။ သို့သော် ဒီလုပ်ငန်းစဉ်တွေ ဘယ်အဆင့်ရောက်နေတယ်၊ ဘယ်လိုအခြေအနေရှိနေတယ်၊ ရေရှည်ရေတိုစီမံကိန်းတွေကို ဘယ်လိုဘယ်ပုံချမှတ်ဆောင်ရွက် နေတယ်စတဲ့အချက်အလက်တွေကို ကျွန်တော်တို့ခရီးသွားပြည်သူတွေ ရှင်းရှင်းလင်းလင်းသိချင် နေကြပါတယ်။

ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ရန်ကုန်မြို့နယ်မိဘပြည်သူများရဲ့ကိုယ်စား ရန်ကုန်ဘူတာကြီး ကို အခြေပြုပြေးဆွဲနေတဲ့ မြို့ပတ်ရထား ပြေးဆွဲမှုနှင့် လမ်းများ၊ ဘူတာရုံများကို မည်သည့်အဖွဲ့အစည်း နှင့်ပေါင်းစပ်၍ မည်သို့အဆင့်မြှင့်တင်နေသည်ဆိုသည့် စီမံကိန်းများကို ပွင့်လင်းမြင်သာအောင် ရှင်းလင်းတင်ပြရန်နှင့် မည်သည့်ခုနှစ်တွင်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၏ ရန်ကုန်ဘူတာကြီးကို အခြေပြု၍ ပြေးဆွဲနေတဲ့ မြို့ပတ်ရထားပြေးဆွဲမှုနှင့် လမ်းများ၊ ဘူတာရုံများကို မည်ကဲ့သို့အဆင့်မြှင့်တင်နေသည်လဲ၊ မည်သည့် အဖွဲ့အစည်းနှင့် ပေါင်းစပ်လုပ်ကိုင်နေသည်လဲစသည့် စီမံကိန်း၊ စီမံချက်များကို ပွင့်လင်းမြင်သာ အောင် ရှင်းလင်းတင်ပြရန်နှင့် မည်သည့်ခုနှစ်မှာ စီမံကိန်းပြီးစီးအောင် အကောင်အထည်ဖော်ရ

မည်ကို သိရှိလိုကြောင်းနှင့်စပ်လျဥ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြနိုင်ရေးအတွက် အချိန်ပိုအနည်းငယ် ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန် ဘူတာကြီးကို အခြေပြုပြီးတော့ပြေးဆွဲနေတဲ့ မြို့ပတ်ရထားပြေးဆွဲမှုအခြေအနေဟာ ခရီးမိုင်အားဖြင့် ၂၉.၅ မိုင် မီတာဂေ့ချ သံလမ်းနှစ်လမ်းသွားဖြစ်ပြီး စုစုပေါင်းသံလမ်းမိုင် ၅၉ မိုင် ရှိပါတယ်။ ရန်ကုန် မြို့ပတ်ရထားလမ်းတစ်လျှောက်မှာ ဘူတာပေါင်း ၃၈ ဘူတာ၊ တံတားစင်းရေ ၄၅ စင်းနှင့် ကားလမ်း ကူးဂိတ် ၂၆ ဂိတ်ရှိပါတယ်။ လက်ရှိ မြို့ပတ်ရထားပြေးဆွဲမှုမှာရထားကြီး ၁၅ ဆိုင်း၊ RBD ၁၀ ဆိုင်း စုစုပေါင်း ၂၅ ဆိုင်းဖြင့် နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ တစ်နေ့ခေါက်ရေ ၂၂၀ ကြိမ် ပုံမှန်ပြေးဆွဲ လျက်ရှိပြီး ပျမ်းမျှ ၁ နာရီမှာ မိုင် ၂၀ နှုန်းဖြင့် ရန်ကုန်မြို့တစ်ပတ်ကို ရထားပြေးဆွဲချိန် ၂ နာရီ ၅၀ မိနစ် ကြာမြင့်ပါတယ်။ တစ်နေ့လျှင် ပျမ်းမျှခရီးသည်ဦးရေ ၇၃၁၀၀ ခန့်စီးနင်းလိုက်ပါလျက်ရှိပါတယ်။ လက်ရှိ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးမှာ ပြေးဆွဲအသုံးပြုလျက်ရှိတဲ့ စက်ခေါင်းအများစုဟာ သက်တမ်း ကျော်လွန်နေခြင်း၊ ဆွဲအားကျဆင်းနေခြင်း၊ လူစီးတွဲအများစုသည်လည်း သက်တမ်းကျော်လွန်နေခြင်း၊ ချို့ယွင်းနေခြင်း၊ အချက်ပြစနစ်များမှာလည်း နှစ်ကာလရှည်ကြာပြီဖြစ်၍ ပွန်းစားမှုကြောင့် မကြာခဏ ပြုပြင်နေရခြင်း၊ လမ်းပိုင်းအချက်ပြကိရိယာများချို့ယွင်းမှုရှိခြင်း၊ ကားလမ်းကူးဂိတ် များပြားခြင်း၊ ဂိတ်နှင့် ဆက်စပ်သောအချက်ပြကိရိယာများချို့ယွင်းခြင်း၊ ဆင်ခြေဖုံးလမ်းပိုင်းများ ပြုပြင်ကွင်းဆက် အရ မြို့ပတ်ရထားများ အချိန်မှန်ကန်မှုထိခိုက်နေခြင်း မိုးရွာတဲ့အခါ ရထားလမ်းပေါ်ရေကျော်ခြင်း၊ အဲဒီကြောင့် အချက်ပြများချို့ယွင်းခြင်း၊ ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာကြား လမ်းမကြီး လူစီးရထားများကို ဦးစားပေးရခြင်း အဲဒါတွေကြောင့် မတော်တဆမှုများဖြစ်ပွားခြင်းတို့ကြောင့် အဆင့်မြှင့်တင်ရန် မဖြစ်မနေလိုအပ်လာခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ အတိုင်းပဲ ရန်ကုန်မြို့နေပြည်သူများအတွက် ဒီမြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍမှာဆိုရင် ကျွန်တော် တို့က ဒီမြို့ပတ်ရထားနှင့်ပို့ဆောင်ရေးကဏ္ဍ အင်မတန်မှ အရေးပါပြီးတော့ ပြည်သူတွေအတွက် အကျိုးပြုမှာဖြစ်ပါတယ်။

အဲဒါအတွက်ကြောင့်လည်း ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ JICA အဖွဲ့မှ ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးမဟာဗျူဟာအစီအစဉ် ရေးဆွဲခဲ့တဲ့နေရာမှာ ရန်ကုန်မြို့ပတ်ရထားလမ်းကို အဆင့်မြှင့်တင်ရန်အတွက် ထည့်သွင်းစဉ်းစားခဲ့ပြီး ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု(Feasibility Study) ပြုလုပ်ခြင်းကို ၂၀၁၄ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ ပါတယ်။ Feasibility Study ရလဒ်များအရ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA နှင့် မြန်မာ့မီးရထားတို့ ၂၀၁၅ ခုနှစ် မေလအတွင်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံအစိုးရမှ ဂျပန်အစိုးရထံ ODA ချေးငွေ အထောက်အပံ့ပေးရေးအတွက် တရားဝင်မေတ္တာရပ်ခံခဲ့ရာ ဂျပန်အစိုးရမှ ODA ချေးငွေ ဂျပန်ယန်း ၂၄.၈၆၆ ဘီလီယံကို (ညီမျှ အမေရိကန်ဒေါ်လာ ၂၀၇.၈၀ သန်း)ကို အတိုးနှုန်း ၀.၀၁ ရာခိုင်နှုန်းဖြင့် ချေးပေးရန် ၁၆-၁၀-၂၀၁၅ ရက်နေ့မှာ ငွေချေးစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါတယ်။ ရန်ကုန်

မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရန်ကုန်မြို့ပတ်တစ်လျှောက်လုံး၏ ဧရိယာအတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု Plubic Consultation များ လေ့ကျင့်ပြုစုခဲ့ပြီး စီမံကိန်းအတွက်လိုအပ်တဲ့ EIA၊ SIA လေ့လာဆန်းစစ်မှုများကို မြန်မာ့မီးရထားနှင့် JICA မှ တာဝန်ပေးအပ်ထားတဲ့ ကျွမ်းကျင်သူများနှင့် E-Guards Environmental Service Co.Ltd တို့ပူးပေါင်းဆောင်ရွက်ခဲ့ကြ ပါတယ်။ စူးစမ်းစစ်ဆေးရရှိခဲ့တဲ့ EIA Report ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြခဲ့ရာ ၂၇-၆-၂၀၁၈ ရက်နေ့မှာ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် စီမံကိန်းဆောင်ရွက်ရာမှာ ထိခိုက်နစ်နာစေနိုင်မည့်ကိစ္စရပ်များအတွက် ကရုဏာကြေးပေးအပ်ရန် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့ပါတယ်။ ရန်ကုန်မြို့ပတ် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အတိုင်ပင်ခံအဖွဲ့ငှားရမ်းခြင်းကို JICA အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ၁၇-၁၀-၂၀၁၇ ရက်နေ့မှာ ဂျပန်နိုင်ငံ Construction Management Cunsultant Services အတိုင်ပင်ခံအဖွဲ့နှင့် စာချုပ်လက်မှတ်ရေးထိုးခဲ့ပါတယ်။ အတိုင်ပင်ခံအဖွဲ့၏ အကြံပြုချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် တင်ဒါခေါ်ယူ၍ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းမှာ အဓိကလုပ်ငန်းကြီး ၃ ခုပါဝင်ပြီး အဲဒါတွေကတော့ အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ဒီဇယ်လျှပ်စစ် DEMU တွဲဆိုင်းအသစ် ၁၁ ဆိုင်း ၆၆ တွဲဝယ်ယူခြင်းလုပ်ငန်းများကို ဂျပန် ODA ချေးငွေဖြင့်လည်းကောင်း၊ မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများဖြစ်တဲ့ ရထားလမ်း၊ တာဘောင်၊ ဘူတာများ၊ ပလက်ဖောင်း၊ ရေမြောင်းများ၊ တံတားများ၊ ကားလမ်းကူးများ၊ လူကူးခုံကျော်များ၊ ဆက်သွယ်ရေးအဆောက်အဦများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့်လည်းကောင်း အသီးသီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ်မှာ စတင်ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း တင်ဒါဈေးနှုန်းများ ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ရခြင်းကြောင့် ၂၀၁၈ ခုနှစ်မှသာ စတင်ဆောင်ရွက်နိုင်ခဲ့သဖြင့် လုပ်ငန်းတစ်ခုလုံး၂၀၂၃ ခုနှစ်တွင်သာ ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားပါတယ်။ မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာမှာ ၃၉ ပေအရှည်သံလမ်းများကို ဂဟေဆက်၍ လဲလှယ်ခြင်း၊ အရည်အသွေးပြည့်မီတဲ့ လမ်းခင်းကျောက်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖြည့်တင်းခြင်း၊ ကွန်ကရစ်ရေမြောင်းများထုတ်လုပ်၍ ထည့်သွင်းတပ်ဆင်ခြင်း၊ တံတားများပြုပြင်ခြင်းနှင့် သံပေါင်အဟောင်းများနေရာမှာ ကွန်ကရစ်ယက်မများဖြင့် ထုတ်လုပ်၍ အစားထိုးလဲလှယ်ခြင်း၊ ကားလမ်းနှင့်ရထားလမ်းကူးနေရာများ ဖြတ်သန်းမှုများမှာ ဖြတ်သန်းမှု ချောမွေ့စေမယ့်တစ်ပြေးညီကားလမ်းကူး (Level Crossing)များ အစားထိုးတပ်ဆင်ခြင်း၊ အလိုအလျောက်ဂိတ်စနစ်နှင့် အချက်ပြစနစ်များတပ်ဆင်ခြင်း၊ နယ်နိမိတ်အုတ်ခြံစည်းရိုးနှင့် Chain Link ခြံစည်းရိုးများကာရံခြင်း၊ လိုအပ်တဲ့နေရာများမှာ လူကူးခုံးကျော်တံတားများတည်ဆောက်ခြင်းနဲ့ လိုအပ်တဲ့အဓိကဘူတာငါးနေရာမှာ အချက်ပြဆက်သွယ်ရေးဆိုင်ရာအဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် ဘုရားလမ်းဘူတာမှ တည်ငြင်းကုန်းဘူတာအထိ မြို့ပတ်အနောက်ခြမ်းပိုင်းနဲ့ တည်ငြင်းကုန်းဘူတာမှ ပုစွန်တောင်ဘူတာအထိ မြို့ပတ်အရှေ့ခြမ်းပိုင်းဟူ၍ နှစ်ပိုင်းခွဲ၍ နိုင်ငံတကာတင်ဒါခေါ်ယူခဲ့ရာ မြို့ပတ်အနောက်ခြမ်းပိုင်းကို A1 Construction Co.,Ltd နှင့် Sinohydro Corporation Limited တို့ပူးပေါင်းအဖွဲ့မှ တင်ဒါအောင်မြင်ခဲ့ပြီး ၁၃-၃-၂၀၁၈ ရက်နေ့မှာစာချုပ်ချုပ်ဆို၍ ၁၄-၃-၂၀၁၈ ရက်နေ့မှာ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပါတယ်။ မြို့ပတ်အရှေ့ခြမ်းပိုင်းအတွက် Shwe Taung Development Co.,Ltd နှင့် Tokyu Construction Co.,Ltd ပူးပေါင်းအဖွဲ့မှ တင်ဒါအောင်မြင်ခဲ့ပြီး ၁၇-၃-၂၀၁၈ ရက်နေ့မှာ စာချုပ်ချုပ်ဆို၍ ၁၈-၃-၂၀၁၈ ရက်နေ့မှာ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပါတယ်။

ဒါကတော့ ကျွန်တော်တို့ အနောက်ဘက်ခြမ်း A1 Company နဲ့အဖွဲ့ ဆောင်ရွက်မယ့်လုပ်ငန်းတွေကတော့ သံလမ်းအဆင့်မြှင့်တင်ခြင်း၊ ရေမြောင်းများဖောက်လုပ်ခြင်း၊ ဘူတာပလက်ဖောင်းများမြှင့်တင်ခြင်း၊ ဆက်သွယ်ရေးအဆောက်အဦများဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေးအဆောက်အဦများအတွက် လျှပ်စစ်မီးပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများဖြစ်ပါတယ်။ မြို့ပတ်ရထားလမ်းအရှေ့ဘက်ခြမ်းအတွက် Shwe Taung Company နဲ့အဖွဲ့ဆောင်ရွက်မယ့်လုပ်ငန်းတွေကလည်း ခုနကအနောက်ဘက်ခြမ်းအတွက် ဆောင်ရွက်မယ့် လုပ်ငန်းနဲ့အလားတူပဲဖြစ်ပါတယ်။ Company များထံအပ်နှံဆောင်ရွက်သည့်လုပ်ငန်းများတွင် ပါဝင်ခြင်း မရှိတဲ့ သံလမ်းများဂဟေဆက်ခြင်းနှင့် လဲလှယ်ခြင်းလုပ်ငန်းများကို မြန်မာ့မီးရထားအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး လမ်းခင်းကျောက်ဝယ်ယူခြင်း၊ ဘူတာရုံများအဆင့်မြှင့်တင်ပြုပြင်ခြင်း၊ လူကူးခုံးကျော်တံတားများထပ်မံတည်ဆောက်ခြင်းနှင့် ရထားလမ်းလုံခြုံရေးခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဌာနမှပြည်တွင်းတင်ဒါခေါ်ယူ၍ ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအနေဖြင့် မြို့ပြအင်ဂျင်နီယာဆိုင်ရာလုပ်ငန်းတစ်ခုလုံးရဲ့ ၂၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။

ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် အချက်ပြနှင့်ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာမှာ ကြည့်မြင်တိုင်ဘူတာနဲ့ အင်းစိန်ဘူတာတို့အား Electronic Interlocking စနစ်သို့လည်းကောင်း၊ တည်ငြင်းကုန်းဘူတာ၊ မင်္ဂလာဒုံဘူတာနှင့် ပုရွက်ဆိတ်ကုန်းဘူတာများအား Relay Interlocking စနစ်သို့လည်းကောင်း အသီးသီးအဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက် အလိုအလျောက်အချက်ပြစနစ်အား အဆင့်မြှင့်တင်တပ်ဆင်ခြင်းနှင့် Automatic Train Protection စနစ်တပ်ဆင်ခြင်း၊ Level Crossing ကားလမ်းကူး ၂၅ နေရာမှာ အလိုအလျောက်ဂိတ်ပိတ်စနစ်များတပ်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်ပါတယ်။ အဆိုပါလုပ်ငန်းများအတွက် နိုင်ငံတကာတင်ဒါခေါ်ယူခဲ့ရာ Nippon Signal ၊ Kinden နဲ့ Sumitomo မှ တင်ဒါအောင်မြင်ခဲ့ပြီး JICA ၏ စိစစ်ထောက်ခံချက်ရရှိခဲ့သဖြင့် စာချုပ်ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်နေပါတယ်။

Japan ODA Loan ဖြင့် ဒီဇယ်/လျှပ်စစ်(DEMU)တွဲဆိုင်းအသစ် ၁၁ ဆိုင်း၊ ၆၆ တွဲဝယ်ယူမည်ဖြစ်ပြီး တွဲဆိုင်းအသစ်ကိုးဆိုင်းဖြင့် ပြေးဆွဲ၍ နှစ်ဆိုင်းကို အရန်ထားရှိမှာဖြစ်ပါတယ်။ အဆိုပါ DEMU တွဲဆိုင်းများထားရှိရန် အင်းစိန်မှာ ပင်မရထားတွဲထားသိုရုံကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ယာဒ်ဝင်း

လမ်းများတည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံအတွင်း DEMU ထားရှိရန် စက်ရုံယာဒ်ဝင်းတိုးချဲ့ဆောက်လုပ်ခြင်း၊ စက်ရုံပြုပြင်ထိန်းသိမ်းခြင်း အထောက်အကူ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

DEMU အသစ်များဝယ်ယူခြင်းလုပ်ငန်းများအတွက် နိုင်ငံတကာတင်ဒါခေါ်ယူခဲ့ရာ Maruveni-Miigata Transys Consortium အဖွဲ့မှ တင်ဒါအောင်မြင်ခဲ့ပြီး JICA ၏စိစစ်ထောက်ခံချက်ရရှိခဲ့သဖြင့် ဈေးနှုန်းညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပျမ်းမျှတစ်နာရီလျှင် မိုင် ၂၀ ဖြင့် မြို့ပတ်ရထားပြေးဆွဲချိန် ၂း၅၀ နာရီခန့်ကြာမြင့်ရာမှာ စီမံကိန်းပြီးဆုံးပြီးပါက တစ်နာရီလျှင် ပျမ်းမျှ ၃၄ မိုင်နှုန်းဖြင့် မြို့တစ်ပတ်ရထားပြေးဆွဲချိန် ၁း၄၅ နာရီခန့်ဖြင့် တစ်ရက်လျှင် ပျမ်းမျှခရီးသည်ဦးရေ ၈၅၀၀၀ ခန့် သက်တောင့်သက်သာစွာ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ကမ္ဘာ့အမွေ အနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံသဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန် မျိုးစိတ်များအား ဒေသခံပြည်သူတို့၏ အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာ သစ်တောဦးစီးဌာန၏ ဝန်းကျင်/သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ် မြန်မာတိုင်းရင်းသား သားသမီးမြေးမြစ်တို့အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအား ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပ အရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ ဂေဟာခရီးသွားစနစ် တိုးတက်စေရန်အတွက် လည်းကောင်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးအေးနိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ကျွန်တော်တင်သွင်းမည့်အဆိုကတော့ ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံသဘာဝထိန်းသိမ်းရေးနယ်မြေများအပါအဝင် နိုင်ငံတစ်ဝန်းသဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်များအား ဒေသခံပြည်သူတို့၏ အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာ သစ်တောဦးစီးဌာန၏ ဝန်းကျင်/သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ်မြန်မာတိုင်းရင်းသား သားသမီးမြေးမြစ်တို့အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအား ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပ အရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ ဂေဟာခရီးသွားစနစ် တိုးတက်စေရန်အတွက်လည်းကောင်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ မြောက်ဘက်မှာ ဟိမဝန္တာ၊ အရှေ့ဘက်မှာ အင်ဒိုချိုင်းနားဒေသ၊ တောင်ဘက်တွင် မလေးရှားကျွန်းစွယ်ဒေသတို့ကြား တည်ရှိပြီးတော့ ကွဲပြားခြားနားသော မြေမျက်နှာသွင်ပြင် မိုးရေချိန်အဓိကရေဝေရေလဲ့မြစ်ကြီးများ

ကြောင့် ကွဲပြားသည့်ဂေဟစနစ်များဆက်စပ်ဖြစ်တည်နေခြင်းကြောင့် အမျိုးအစားစုံလင်သော သဘာဝသစ်တောများ၊ သဘာဝနယ်မြေများ၊ ဇီဝမျိုးစုံမျိုးကွဲများစွာ တည်ရှိပါတယ်။ ၂၀၁၄ ခုနှစ် မတ်လမှာ ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲ invention သို့တင်သွင်းခဲ့သည့်အစီရင်ခံစာအရ နို့တိုက်သတ္တဝါမျိုးစိတ် ၂၅၂ မျိုး၊ ငှက်မျိုးစိတ် ၁၀၅၆၊ ကုန်းနေရေနေတွားသွားသတ္တဝါမျိုးစိတ် ၄၁၅၊ ငါးမျိုးစိတ် ၇၅၅ နှင့် အပင်မျိုးစိတ် ၁၁၈၀၄ တို့မြန်မာနိုင်ငံမှာရှိပါတယ်။ လူဦးရေတိုးတက်များပြားလာခြင်း၊ လယ်ယာမြေတိုးချဲ့ခြင်း၊ စက်မှုလုပ်ငန်းချဲ့ထွင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း၊ သစ်အလွန်အကျွံထုတ်လုပ်ခြင်း၊ ပင်လယ်သမုဒ္ဒရာမြစ်ချောင်းအင်းအိုင်များအတွင်း ဓာတုပစ္စည်းများအသုံးပြုခြင်း၊ အဆင့်မြင့်ငါးဖမ်းကိရိယာများကို စနစ်တကျသုံးစွဲမှုမရှိခြင်း၊ ရှားပါးအပင်နှင့်တိရစ္ဆာန်များကို စီးပွားဖြစ်ထုတ်ယူဖမ်းဆီးရောင်းဝယ်မှုပြုခြင်း၊ ထိန်းချုပ်မှုအားနည်းခြင်းတို့ကြောင့် သဘာဝနယ်မြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးပျောက်ကွယ်လျက်ရှိနေပါသည်။ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရာမှာ သဘာဝနယ်မြေများတည်ထောင်ထိန်းသိမ်းခြင်းသည် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းတည်ထောင်လျက်ရှိသည်။ မြန်မာနိုင်ငံမှာလက်ရှိတည်ထောင်ဖွဲ့စည်းသည့် သဘာဝနယ်မြေ ၄၂ ခုရှိပြီးတော့ ဧကအားဖြင့် ၉၆၈၂၀၃.၄၂ ဧကဖြစ်ပြီးတော့ စတုရန်းမိုင် ၁၅၁၂၈.၆၀ စတုရန်းမိုင်၊ နိုင်ငံ့ဧရိယာ၏ ၅.၇၉ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဆက်လက်ဖွဲ့စည်းတည်ထောင်ရန်ရည်ရွယ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၉ ခုရှိပြီး ဧကအားဖြင့် ၃၃၈၁၄၄၆.၁၀ ဧကဖြစ်ပြီးတော့ စတုရန်မိုင် ၅၂၈၃.၅၀ ၊ နိုင်ငံဧရိယာ၏ ၂.၀၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ပါရီသဘောတူညီချက် ၂၀၁၇ အရ သော်လည်းကောင်း၊ အမျိုးသားသစ်တောကဏ္ဍအရသော်လည်းကောင်း၊ နိုင်ငံဧရိယာ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေဖွဲ့စည်းရန် ရည်မှန်းထားရှိပါသည်။ ဖွဲ့စည်းတည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ဖွဲ့စည်းရန်ရည်ရွယ်သည့်သဘာဝထိန်းသိမ်းရေးနယ်မြေများကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ၎င်းထိန်းသိမ်းရေးနယ်မြေများအနက် UNESCO မှ အင်းလေးကန်ကိုပထမဦးဆုံး ဇီဝဝန်းနယ်မြေအဖြစ် ၂၀၁၅ မှာလည်းကောင်း၊ အင်းတော်ကြီးကန်ကို ဇီဝဝန်းနယ်မြေအဖြစ် ၂၀၁၇ ခုနှစ်မှာလည်းကောင်း အသိအမှတ်ပြုခဲ့ပြီးတော့ ရန်ဆာရေဝပ်ဒေသနယ်မြေအဖြစ် အပြည်ပြည်ဆိုင်ရာအရေးပါသည့် ရေဝပ်ဒေသထိန်းသိမ်းနယ်မြေအဖြစ် မိုးယွင်းကြီးဘေးမဲ့တော၊ အင်းတော်ကြီးကန်ဘေးမဲ့တော၊ မိန်းမလှကျွန်းဘေးမဲ့တောနှင့် မုတ္တမပင်လယ်ကွေ့တို့ဟာ သတ်မှတ်ခဲ့ပါတယ်။ ထို့အပြင် ဆင်ထိန်းသိမ်းရေးနယ်မြေအဖြစ် ဟူးကောင်းချိုင့်ဝှမ်း၊ အင်းတော်ကြီးဘေးမဲ့တော၊ ထမံသီဘေးမဲ့တော၊ အလောင်းတော်ကဿပ၊ အမျိုးသားဥယျာဉ်၊ ရွှေဥဒေါင်းဘေးမဲ့တောနှင့် မြောက်ဇာမရီဆင်ဘေးမဲ့တော၊ ရခိုင်ရိုးမဘေးမဲ့တောတို့ သတ်မှတ်ပြီး ဆင်ထိန်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါတယ်။ အရှေ့အာရှသြစတေးလျဒေသဆောင်းခိုငှက်လမ်းကြောင်းကွန်ရက်နယ်မြေအဖြစ် ဟူးကောင်းချိုင့်ဝှမ်း၊ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မိုးယွင်းကြီးအင်းနှင့် မုတ္တမပင်လယ်ကွေ့တို့ကို အရေးပါနယ်မြေများအဖြစ် သတ်မှတ်ထားပါတယ်။ မြန်မာနိုင်ငံမှာ ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းအန္တရာယ်နှင့်ရင်ဆိုင်နေခဲ့ရသည့် ရှားပါးတိရစ္ဆာန်မျိုးစိတ်များ ကျက်စားလျက်ရှိပါတယ်။ ကျား၊ အာရှဆင်၊ မြန်မာ့နှာလန်မျောက်မျိုးစိတ်၊ ပန်ဒါနီ၊ ရွှေရောင်သားမင်း၊ အင်းကျား၊ ကြံ့သူတော်၊ ရွှေသမင်၊ မျက်ခုံးဖြူ ငှက်ပြာခြောက်၊

မြန်မာ့ကြယ်လိပ် စသည်တို့ဖြစ်တယ်။ မြန်မာ့မျိုးရင်းသတ္တဝါများကို အောက်ပါအတိုင်း ထိန်းသိမ်းလျက်ရှိပါတယ်။ မြန်မာ့ရွှေသမင်ကို ရွှေစက်တော်ဘေးမဲ့တော၊ ချပ်သင်းဘေးမဲ့တော၊ နောက်ဖက်ချေ(ဂျီ)ကို ဖုန်ကန်ရာဇီဘေးမဲ့တော၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ မြန်မာ့မျိုးရင်းလိပ်များကို ထမံသီဘေးမဲ့တောနှင့် ရွှေစက်တော်ဘေးမဲ့တော၊ ကျားမျိုးစိတ်ကြီးကို ဟူးကောင်းချိုင့်ဝှမ်း၊ ဘေးမဲ့တော တနင်္သာရီကြိုးဝိုင်းတို့အပြင် သားမင်း၊ ပန်ဒါနီ၊ ကျားသစ်၊ ကတိုးကောင်၊ ကြံ့သူတော်၊ ဝက်ဝံ၊ သင်းခွေချပ်ကိုလည်း ဥပဒေပြုထိန်းသိမ်းထားပါတယ်။

ရှားပါးအပင်မျိုးစိတ်များဖြင့် သစ်ခွ၊ အပါအဝင် အပင်မျိုးစိတ် ၁၁၈၀၀ ကိုလည်း ထိန်းသိမ်းထားပါတယ်။ ဤသို့ထိန်းသိမ်းရမယ် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ခရီးသွားလုပ်ငန်းအနေဖြင့် ပြည်ပခရီးစဉ်ဧည့်သည်များ လှည့်ပတ်ကြည့်ရှုနိုင်ရေးအတွက် သဘာဝနယ်မြေများနှင့် ဆင်စခန်းများကို ၂၁ နေရာ သတ်မှတ်ကြေညာထားပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဤကဲ့သို့ နိုင်ငံတော်အတွက် အရေးကြီးတာဝန်ထမ်းဆောင်နေရသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ လက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲမှာ အရာထမ်း ၃၂ ဦး၊ အမှုထမ်း ၅၆၈ ဦး စုစုပေါင်း ၆၀၀ ဦးဖြင့်သာ ဝန်ထမ်းတာဝန်ထမ်းဆောင်လျက်ရှိကာ လွန်စွာအားနည်းလျက်ရှိပြီး လစ်ဟာမှုများစွာရှိပါတယ်။ ဖွဲ့စည်းပုံအား Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေနှင့် အားလုံးလွှမ်းခြုံပြီးတော့ စနစ်တကျပိုမိုထိန်းသိမ်းနိုင်စေရန်၊ သဘာဝဝန်းကျင်နှင့် သားရဲတိရစ္ဆာန်ဌာနခွဲအား ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ဦးစီးဌာနကြီးတစ်ခုအဖြစ် ရှေ့တင် တင်ပြခဲ့သောကျိုးကြောင်းဖော်ပြချက်များအရ ဖွဲ့စည်းပေးရန်လိုအပ်လျက်ရှိပါတယ်။

ထို့အပြင် ဘဏ္ဍာငွေပိုမိုသုံးစွဲလျက် လိုအပ်သော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ ဒီဂျစ်တယ်နည်းပညာသုံးပစ္စည်းများဖြင့် ပိုမိုထိရောက်ကာကွယ်စောင့်ရှောက်စေလိုပါတယ်။ ထို့အပြင် စီမံချက်များ ချမှတ်ရေးဆွဲလျက် ခရီးသွားလုပ်ငန်းအဆင့်မြှင့်တင်ဆောင်ရွက်မယ်ဆိုရင် ဒေသခံတိုင်းရင်းသားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေပြီးတော့ နိုင်ငံသားများ နိုင်ငံတကာ ခရီးသွားပြည်သူများအနေဖြင့် မြန်မာနိုင်ငံရဲ့သဘာဝအလှတရားများကိုခံစားရင်း သဘာဝနယ်မြေများကို ချစ်ခင်မြတ်နိုးထိန်းသိမ်းတတ်ခြင်း၊ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ သဘာဝနယ်မြေမှာ ဇီဝမျိုးစုံမျိုးကွက်များ ထိန်းသိမ်းမှုကြောင့် ကမ္ဘာ့ရာသီဥတုထိန်းသိမ်းမှုကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော့်၏ အဆိုဟာ ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအေးနိုင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ

**မူကြမ်း**

ဦးအေးနိုင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေထက်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလို ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့အမွေအနှစ်၊ အာရှ အမွေအနှစ်အသိအမှတ်ပြုခံရတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများအပါအဝင် ရှားပါးဇီဝမျိုးစုံမျိုးကွဲ တွေ၊ ပေါကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကို အာရှဒေသရဲ့ ဇီဝမျိုးစုံမျိုးကွဲများ ဆိုင်ရာ နောက်ဆုံးအစွန်အဖျားနယ်မြေတစ်ခုအဖြစ် သတ်မှတ်ခေါ်ဆိုကြပြီး နို့တိုက်သတ္တဝါမျိုးစိတ် ၂၅၁ မျိုး၊ တွားသွားသတ္တဝါ ၂၇၂ မျိုး၊ ငှက်မျိုးစိတ်ပေါင်း ၁၀၀၀ ကျော်နှင့် အပင်မျိုးစိတ်ပေါင်း ၁၁၀၀၀ ကျော်ရှိတယ်လို့ မှတ်တမ်းများအရ လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့အစောဆုံး သဘာဝ ထိန်းသိမ်းရေးနယ်မြေကိုတော့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်အတွင်းမှာ တောင်ကြီးသားငှက် ဘေးမဲ့တောအဖြစ် ၁၉၂၀ ခုနှစ်မှာ စတင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ သဘာဝဝန်းကျင်နှင့် သားငှက် သက်ဆိုင်ရာထိန်းသိမ်းရေးဌာနကို ၁၉၈၄ ခုနှစ်မှာ စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး ယခုဆိုလျှင် သဘာဝ ထိန်းသိမ်းရေးနယ်မြေပေါင်း ၄၂ ခုအထိ ရှိလာခဲ့ကာ ဧရိယာအားဖြင့် ၁၅၁၂၈ စတုရန်းမိုင် ရှိလာခဲ့ ပြီဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအောက်မှာရှိတဲ့ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်း ရေးဌာနခွဲဟာ လက်ရှိဝန်ထမ်းအင်အားအရ အင်မတန်နည်းပါးလျက်ရှိသလို သဘာဝနယ်မြေအားလုံး ကို လွှမ်းခြုံစီမံဆောင်ရွက်ဖို့လျှင် ဦးစီးဌာနတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်မယ်ဆိုပါက ပိုမိုစနစ်ကျစီမံအုပ်ချုပ်ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ဒီအဆိုကို ထောက်ခံရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ထဲမှာ ရှိတဲ့ အင်းတော်ကြီးကန် သားရဲတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၀၄ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး အကျယ်အဝန်းအားဖြင့် ၃၁၄.၆၇ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ ဇီဝမျိုးစုံမျိုးကွဲတွေ ပေါကြွယ်ဝတာ ကြောင့် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်သာမက ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှာ အင်းတော်ကြီးကန် ဇီဝအဝန်းနယ်မြေအဖြစ် အတည်ပြုသတ်မှတ်ခံခဲ့ရပါတယ်။ ဒါကတော့ ရွှေစက်တော် တော်ရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖြစ်ပါတယ်။ မြန်မာမျိုးရင်းဖြစ်တဲ့ ရွှေသမင်ကျက်စားရာ နေရာများကို ထိန်းသိမ်းဖို့ရည်ရွယ်ခဲ့တာဖြစ်ပြီး ၂၁၃.၄ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ ဒါကတော့ မိန်းမလှကျွန်းဖြစ်ပါတယ်။ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်သာမက ၂၀၁၇ ခုနှစ်မှာ ရာဆာရေဝပ် ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ဒီရေတောများကို ထိန်းသိမ်းကာကွယ်ထား သလို ဆေးဘက်ဝင်သစ်ပင်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲတွေ စုံလင်ပေါကြွယ်ဝလှပါတယ်။ အလောင်းတော်ကဿပအမျိုးသားဥယျာဉ် ဖြစ်ပါတယ်။ အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုလည်း ဖြစ်ပါတယ်။ မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ အရေးပါတဲ့ ငှက်မျိုးစိတ်တွေကျက်စားမှုများကြောင့် Rasa Sight အဖြစ် ၂၀၀၅ ခုနှစ်မှာ သတ်မှတ်ခံခဲ့ရပါတယ်။ ဧရိယာစတုန်းရန်းမိုင် ၁၅၀၀၀ ကျော်ရှိပြီး နိုင်ငံဧရိယာရဲ့ ၅.၇၅ ရာခိုင်နှုန်းရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးအသိအမှတ်ပြုခံရတဲ့ Rasa Sight ဒေသဖြစ်ပါတယ်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ကို ၁၉၉၆ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်သာမက ဇီဝမျိုးစုံမျိုးကွဲ သန္တာကျောက်တန်း၊ အဏ္ဏဝါဗေဒဆိုင်ရာ အပင်မျိုးစိတ်တွေ ပေါကြွယ်ဝလှပါတယ်။ မြန်မာနိုင်ငံရဲ့

တစ်ခုတည်းသော အဏ္ဏဝါအမျိုးသားဥယျာဉ်တစ်ခုလည်းဖြစ်ပါတယ်။ ဒါကတော့ ရှားပါးမျိုးစိတ်တွေကို အနည်းငယ်တင်ပြထားခြင်းဖြစ်ပါတယ်။ ဒါ သစ်ခွမျိုးစိတ်တွေဖြစ်ပါတယ်။ နိုင်ငံတကာ Conventions များမှာ ဝင်ရောက်ပါဝင်ဆောင်ရွက်ထားမှုတွေ ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများနဲ့ပူးပေါင်းဆောင်ရွက်ထားမှု အခြေအနေတွေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခဲ့တဲ့အတိုင်း သဘာဝနယ်မြေတွေ၊ ဇီဝမျိုးစုံမျိုးကွဲတွေ များစွာရှိနေသလို နိုင်ငံတကာ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်နေရတာဖြစ်ပါတယ်။ လက်ရှိ သစ်တောဦးစီးဌာနအောက်မှာရှိတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနခွဲဟာ အရာထမ်း ၃၉ ဦး၊ အမှုထမ်း ၁၆၈၈ ဦး စုစုပေါင်း ၁၇၂၇ ဦးဖြင့်သာ လည်ပတ်နေရပါတယ်။ သဘာဝနယ်မြေတွေမှာ အုပ်ချုပ်ရေးမှူးရုံး ၂၀ သာဖွဲ့စည်းနိုင်တာကြောင့် ဝန်နှင့်အား မမျှတဲ့အနေအထားမျိုးဖြစ်နေပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးပွားလာသော်လည်း အဆိုပါနယ်မြေများ၌ သစ်အလွန်အကျွံခုတ်ခြင်း၊ ရှားပါးအပင်နှင့် တောရိုင်းတိရစ္ဆာန်များကို စီးပွားဖြစ်ထုတ်ယူဖမ်းဆီးရောင်းဝယ်နေမှုများ ပြုလုပ်လာခြင်း၊ ထိန်းချုပ်မှုအားနည်းလာခြင်းတို့ကြောင့် သဘာဝနယ်မြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းဆိုင်ရာ ဒေသတွင်းစီမံအုပ်ချုပ်မှုအပေါ် စိန်ခေါ်မှုများရှိလာနေပြီဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနကို ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းမည်ဆိုပါက အဆိုပါစိန်ခေါ်မှုများကို စနစ်တကျ ပိုမိုစီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါတယ်။ ဘဏ္ဍာငွေကြေးသုံးစွဲမှုကုန်ကျစရိတ်များ ပိုမိုများပြားလာမည်ဖြစ်သော်လည်း ငွေကြေးဖြင့်အလဲအထပ်ပြုလုပ်လို့မဆိုကောင်းတဲ့ သဘာဝအမွေအနှစ်တွေဆိုတာကို မမေ့စေချင်ပါဘူး။ သို့ပေမဲ့ ယခုထက်ပိုမို စနစ်တကျ စီမံဆောင်ရွက်သွားနိုင်ဖို့လိုသလို အရည်အသွေးမြင့်ကျွမ်းကျင်ဝန်ထမ်းကောင်းတွေကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ဆောင်ရွက်သွားနိုင်ဖို့ လိုမယ်ဖြစ်ပါတယ်။ ဒါမှသာ မြန်မာသာမက ကမ္ဘာ့ရှားပါးမျိုးစုံမျိုးကွဲတွေ၊ မြန်မာနိုင်ငံမှာသာရှိတဲ့ ဒေသမျိုးရင်းတွေ၊ ကမ္ဘာ့အသိအမှတ်ပြု၊ အာရှအသိအမှတ်ပြု အမွေအနှစ်ကောင်းတွေကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားနိုင်မှာပဲ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနကို ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်မည်ဆိုပါက နိုင်ငံတော်မှချမှတ်ထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးမူဝါဒနှင့် ရည်မှန်းချက်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ နိုင်ငံအတွက် အရေးကြီး အင်မတန်အဖိုးတန်လှတဲ့ သဘာဝအမွေအနှစ်များ၊ ဂေဟစနစ်ကောင်းများ၊ ဒေသမျိုးရင်းနှင့် ရှားပါးပြီး မျိုးတုန်းအန္တရာယ်ကျရောက်နေသည့် တောရိုင်းတိရစ္ဆာန်နှင့် အပင်များကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်နိုင်မှု ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်မည်ဖြစ်ခြင်း၊ နိုင်ငံတော်မှ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံတကာ Conventions များတွင် လိုက်နာဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးထားသည့် ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ခြင်း၊ နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာတို့ လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သဘာဝဝန်းကျင်နှင့်

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများမှာ ထိရောက်စွာပိုမိုပူးပေါင်း ကြီးကြပ်စီမံခန့်ခွဲနိုင်မှု များ ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် ကမ္ဘာကြီးအတွက် မြန်မာနိုင်ငံအတွက် လက်ရှိဖြစ်တည်နေတဲ့ လူသားတွေအတွက်သာမက နောင်လာနောင်သားမျိုးဆက်အဆက်ဆက်တို့အတွက် အဖိုးတန် သဘာဝအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းကာကွယ်ဆောင်ရွက်ပေးစွမ်းသွားနိုင်ဖို့ အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်တင်သွင်းသည့်အဆိုအား ပြည်သူ့လွှတ်တော် ကြီးကနေ လက်ခံဆွေးနွေးဆုံး ဖြတ်ပေးနိုင်ပါရန်လေးနက်စွာ ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် (၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဦးအေးနိုင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်းမေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသော ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေ အနှစ် အသိအမှတ်ပြုခံသဘာဝထိန်းသိမ်းရေးနယ်မြေများအပါအဝင် နိုင်ငံတစ်ဝန်း သဘာဝ ထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား ဒေသခံပြည်သူတို့၏ အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့်ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်စေရန် အတွက် သက်ဆိုင်ရာ သစ်တောဦးစီးဌာန၏ ဝန်းကျင်/သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ် အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ်မြန်မာတိုင်းရင်းသား သားသမီး မြေးမြစ်တို့အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲ မှုအား ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပ အရင်း အမြစ်များကို ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ ဂေဟခရီးသွားစနစ် တိုးတက် စေရန်အတွက်လည်းကောင်း၊ စီမံချက်များချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် (၅)အရ ဆွေးနွေးမယ့်

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၃-၁၁-၂၀၁၈ ရက်(သောကြာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကြုံကြိုက်တုန်း အသိပေးပြောကြားလိုတာ တစ်ခုရှိပါတယ်။ အဆိုတစ်ရပ်ကို ရှည်လျားတဲ့ဝါကျတစ်ခုအဖြစ် ရေးရမယ်လို့ ပြဋ္ဌာန်းသတ်မှတ်ထားချက်မရှိပါဘူး။ အဆိုတစ်ရပ်ဟာ ရိုးရိုးရှင်းရှင်းနဲ့နားလည်လွယ်ဖို့သာ အဓိကဖြစ်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းကို ၁၆-၂-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ၂၀-၂-၂၀၁၈ ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ပြီး နည်းဥပဒေ ၆၃ အရ လွှတ်တော်သို့ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၈-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၅-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။

၂။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏အကျိုးစီးပွားကို အကာအကွယ်ပေး နိုင်ရန်၊

(ဂ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသောဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် သုံးစွဲသူများအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(ဃ) ဒေသဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှထွက်ရှိသော ဒေသ ထုတ်ကုန်များ၏အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏စီးပွားရေးပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်ဆိုတဲ့ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၇-၈-၂၀၁၈ ရက်(တနင်္လာနေ့)၊ ၅-၁၁-၂၀၁၈ ရက်(တနင်္လာနေ့)နှင့် ၇-၁၁-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တို့မှာ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလ အခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံ ရမည့်မူ(၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ပါ တယ်။ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာအစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ဝ၅/ပသ(ကမတ- ဥပဒေကြမ်း)၁/၂ဝ၁၈-၃၇၁

ရက် စွဲ ၊ ၂ ဝ ၁ ၈ ခု နှစ်၊ နို ဝင် ဘာ လ ၁၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၅-၂-၂ဝ၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂ဝ၁၈- ၁၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၈-၁-၂ဝ၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၅-၂-၂ဝ၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော် တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ် ပေးနိုင်ရန်၊

(ဂ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက် ရန်နှင့် သုံးစွဲသူများအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(ဃ) ဒေသဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

**မူကြမ်း**

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၇-၈-၂၀၁၈ ရက် တနင်္လာနေ့၊ ၅-၁၁-၂၀၁၈ ရက် တနင်္လာနေ့နှင့် ၇-၁၁-၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း (၂၃) ခန်းနှင့် အပိုဒ်ပေါင်း ၁၀၁ ပိုဒ် ပါရှိပါသည်။

( ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် ၁၃၈ ချက်ကို သဘောတူလက်ခံ ပါသည်။

( ဂ) ဥပဒေခေါင်းစီးရှိ ၁၃၇၉ ခုနှစ် ဆိုသည့် စကားရပ်ကို **၁၃၈၀** ပြည့်နှစ် ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ဗဟိုကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) နှင့်(င) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနတို့ကို ဆိုသည်။

(င) အေဂျင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဆိုသည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ) ရှိ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ဆိုသည့်စကားရပ်ကို မူပိုင်ခွင့် မှတ်ပုံတင်ခြင်းဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) မူပိုင်ခွင့် (Intellectual Property Rights) ဆိုသည်မှာ ကိုယ်ပိုင်အသိ ဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာ မူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့် အမျိုးအစားများ လည်း ပါဝင်သည်။

( ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ရှိ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေး ပေါင်းစပ်မှု ဆိုသည့် စကားရပ်ကို ပုံဖော်ထားသော အစိတ်အပိုင်းများ၊ သုံးဘက်မြင် ပုံသဏ္ဌာန်များ၊ အရောင်အသွေးပေါင်းစပ်မှု ဟု ပြင်ဆင်ပါသည်။

( ဈ) အခန်း ၃ အပိုဒ် ၄ အပိုဒ်ခွဲ(က) ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁) ကို အောက်ပါ အတိုင်း ပြင်ဆင်ပါသည် -

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့် ဆိုင်ရာဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတ ဥက္ကဋ္ဌ

(ည) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) နှင့်(၅) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) (၄) အခြား သင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြား ရေးမှူးချုပ်များ အဖွဲ့ဝင်

(၅) လေးဦးထက် မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ အဖွဲ့ဝင်

( ဋ) အပိုဒ် ၅ ခြေဆင်းနှင့် အပိုဒ်ခွဲ(က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုး တိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်း စီမံချက်များ ချမှတ်ခြင်း၊

( ဌ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ(င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(င) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာ ကျင့်သုံးဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်း များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

( ဍ) အခန်း(၄) အပိုဒ် ၆ အပိုဒ်ခွဲ(က) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင် ပါသည် -

၆။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

( ပ) အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(က) (၃) ရှစ်ဦးထက် မပိုသော မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့ဝင် ပညာရှင်များ

(ဏ) အပိုဒ် ၈ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(တ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၈ အပိုဒ်ခွဲ(စ)နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(စ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်း တာဝန်များ သတ်မှတ်ပေးခြင်း၊

(ဆ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များ ကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ထ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၈ အပိုဒ်ခွဲ (ည)နှင့် (ဋ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ည) ဤဥပဒေနှင့်အညီကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ် ခြင်း၊

(ဋ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြု ရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

( ဒ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၈ အပိုဒ်ခွဲ(ဍ)ကို အောက်ပါ အတိုင်း ပြင်ဆင်ပါသည် -

(ဍ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟို ကော်မတီသို့ တင်ပြခြင်း၊

( ဓ) အခန်း(၅) အပိုဒ် ၉ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည် -

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မူကြမ်း**

(က) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

( န) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲ များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ် ကွပ်ကဲခြင်း၊

( ပ) အခန်း(၆) ခေါင်းစဉ်ကို မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ ဟု ပြင်ဆင်ပါသည်။

( ဖ) အခန်း(၇) အပိုဒ် ၁၃ အပိုဒ်ခွဲ(စ) ရှိ တိုက်ရိုက်ကူးယူခြင်း သို့မဟုတ် တုပခြင်း၊ ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊ ဆိုသည့် စကားရပ်ကို တိုက်ရိုက်ကူးယူခြင်း၊ တုပခြင်း သို့မဟုတ် ထင်ယောင်ထင်မှား ဖြစ်စေခြင်း ဟု ပြင်ဆင်ပါသည်။

( ဗ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ) ကို ပယ်ဖျက်ပါသည်။

(ဘ) အပိုဒ် ၁၄ အပိုဒ်ခွဲ (က) ရှိ အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ် သို့မဟုတ် ဆောလျင်စွာ လျှောက်ထားသော အမှတ်တံဆိပ် ဆိုသည့်စကားရပ်ကို အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၊ ရှေ့ဦးစွာ လျှောက်ထားသော အမှတ်တံဆိပ်ဟု ပြင်ဆင်ပါသည် -

(မ) အခန်း (၈) အပိုဒ် ၁၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၅။ အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိရန် မှတ်ပုံတင်လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

( ယ ) အပိုဒ် ၁၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၈။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော အမှတ်တံဆိပ် လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိက လက်ခံရရှိသည့်နေ့သည် နိုင်ငံတော်တွင် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ ဖြစ်သည်ဟု မှတ်ယူရမည်။

(ရ) အပိုဒ် ၁၉ အပိုဒ်ခွဲ(က) နှင့်(ခ) ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၁၉။(က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မတူညီသောနေ့ အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားရာ၌ အခြားသော မှတ်ပုံတင် လျှောက်ထားချက်နှင့် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့်ညီညွတ်သော လျှောက်ထားချက် အစောဆုံး တင်သွင်းသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားရာတွင် လျှောက်ထားသူ အသီးသီးက ဦးစားပေး အခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေးကို တောင်းဆိုလျှောက်ထားရာ၌ အခြားသော မှတ်ပုံတင် လျှောက်ထားချက်နှင့် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင် ပေးရန် သတ်မှတ်ချက်များနှင့်ညီညွတ်သော ဦးစားပေးအခွင့်အရေး နေ့အစောဆုံး ပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(လ) အပိုဒ် ၂၀ ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၀။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မှတ်ပုံတင် ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ကို တောင်းဆိုလျှောက်ထားလာပါက-

(ဝ) အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဂ) ပုဒ်မခွဲ(က)အရ ညွှန်ကြားသော်လည်း လျှောက်ထားသူများသည် ယင်းတို့ အချင်းချင်း သဘောတူညီမှုမရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

(သ) အပိုဒ် ၂၀ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(ဃ) ပုဒ်မခွဲ(ဂ) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များ အဖြစ် တင်သွင်းရာတွင် မူလလျှောက်ထားသည့်နေ့ကို လျှောက်ထားချက် တင်သွင်းသည့်နေ့ ဖြစ်သည်ဟု မှတ်ယူရမည်။

(ဟ) အပိုဒ် ၂၃ အပိုဒ်ခွဲ(က) နှင့် (ခ) တို့ရှိ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိကိုလည်းကောင်း ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၃ ပါ အချက်များနှင့် ငြိစွန်းခြင်း ရှိ၊ မရှိကိုလည်းကောင်း ဟု ပြင်ဆင်ပါသည်။

(ဠ) အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ) ရှိ လျှောက်ထားသူထံ ဆိုသည့် စကားရပ်၏ရှေ့တွင် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(အ) အပိုဒ် ၂၄ အပိုဒ်ခွဲ(က) ရှိ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် ပြန်လည် လျှောက်ထားနိုင်သည် ဆိုသည့်စကားရပ်ကို အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁) ရှိ စွန့်လွှတ်ခံရသည့် နေ့ရက်မှ ဆိုသည့် စကားရပ်ကို စွန့်လွှတ်ခံရသည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃) ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၂၅ ခေါင်းစဉ်ကို မှတ်ပုံတင်အရာရှိသည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ) ရှိ ကန့်ကွက်နိုင်ရန် အလို့ငှာ ဆိုသည့်စကားရပ်ကို ကန့်ကွက်နိုင်ရန် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ နှင့် အပိုဒ် ၂၈ အပိုဒ်ခွဲ(က)ရှိ ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ဆိုသည့် စကားရပ်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၉။ အမှတ်တံဆိပ်ပိုင်ရှင်သည်-

(က)အမှတ်တံဆိပ် မှတ်ပုံတင် လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

( - ) အခန်း (၁၀) အပိုဒ် ၃၁ ရှိ ပထမ လျှောက်ထားသည့်နေ့ရက်မှ ဆိုသည့် စကားရပ်ကို ပထမလျှောက်ထားသည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ ရှိ စတင်ခင်းကျင်းပြသခဲ့ သည့်နေ့ရက်မှ ဆိုသည့်စကားရပ်ကို စတင်ခင်းကျင်းပြသခဲ့သည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၃ ရှိ လျှောက်ထားသည့်နေ့ရက်မှ ဆိုသည့်စကားရပ်ကို လျှောက်ထားသည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၁၁) အပိုဒ် ၃၄ ရှိ တင်သွင်းသည့် နေ့ရက်မှစ၍ ဆိုသည့်စကားရပ်ကို တင်သွင်းသည့် နေ့မှစ၍ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၅ အပိုဒ်ခွဲ (က)ရှိ ကုန်ဆုံးမည့်နေ့ရက် မတိုင်မီ ဆိုသည့်စကားရပ်ကို ကုန်ဆုံးမည့်နေ့ မတိုင်မီ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၆ အပိုဒ်ခွဲ (က)ရှိ ကုန်ဆုံးသည့် နေ့ရက်မှစ၍ ဆိုသည့်စကားရပ်ကို ကုန်ဆုံးသည့် နေ့မှစ၍ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၂) အပိုဒ် ၄၀ ရှိ ပေးပို့ထား၍ ဆိုသည့်စကားရပ်ကို ပေးပို့ထားသည့် ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၁၃) အပိုဒ် ၄၂ အပိုဒ်ခွဲ (က)နှင့် (ခ)ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည် -

၄၂။ (က) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ယင်း၏ လျှောက်ထားချက်ကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

**မူကြမ်း**

(ခ) အမှတ်တံဆိပ် ပိုင်ရှင်သည် ယင်း၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ် ပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

( - ) အပိုဒ် ၄၃ ရှိ တောင်းဆိုလျှင် ဆိုသည့်စကားရပ်ကို လျှောက်ထားလျှင် ဟု ပြင်ဆင်ပါသည် -

( - ) အခန်း(၁၄) အပိုဒ် ၄၆ ရှိ လျှောက်ထားရမည်။ ဆိုသည့်စကားရပ်ကို လျှောက်ထားနိုင်သည်။ ဟု ပြင်ဆင်ပါသည် -

( - ) အပိုဒ် ၄၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၄၇။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၆ အရ လျှောက်ထားခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန် ကြေညာရမည်။

( - ) အခန်း (၁၅) အပိုဒ် ၅၀ အပိုဒ်ခွဲ (က) ရှိ တောင်းဆိုချက်အရ ဆိုသည့် စကားရပ်ကို လျှောက်ထားချက် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၀ အပိုဒ်ခွဲ(င) ရှိ အကြောင်းအရင်းများသည် ဆိုသည့်စကားရပ်ကို အကြောင်းရင်းများသည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) ရှိ ဦးစီးဌာနတွင် လျှောက်ထားသည့်နေ့မှစ၍ ဆိုသည့်စကားရပ်ကို မှတ်ပုံတင်အရာရှိထံ လျှောက်ထားသည့်နေ့မှစ၍ ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၁) နှင့်(၂) တို့ရှိ လုံလောက်သော ဆိုသည့် စကားရပ်ကို ခိုင်လုံသော ဟု အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၁ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) ရှိ တင်ပို့ရန် ဆိုသည့် စကားရပ်ရှေ့တွင် ပြည်ပ ဆိုသည့်စကားရပ် ဖြည့်စွက်ပါသည်။

( - ) အပိုဒ် ၅၁ အပိုဒ်ခွဲ(ဂ) ရှိ အမှတ်တံဆိပ် ပိုင်ရှင်နှင့်သာ သက်ဆိုင်ရမည် ဆိုသည့် စကားရပ်ကို အမှတ်တံဆိပ် ပိုင်ရှင်အပေါ် ကျရောက်စေရမည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၁ အပိုဒ်ခွဲ(ဃ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဃ)ပယ်ဖျက်စေသည့် အကြောင်းရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် ယင်းနှင့်ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပယ်ဖျက်စေရမည်။

( - ) အခန်း(၁၆) အပိုဒ် ၅၃ အပိုဒ်ခွဲ(ဃ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဃ) ပုဒ်မခွဲ(က) မှ(ဂ) အထိတွင် ဖော်ပြထားသူများ၏ကိုယ်စား သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ။

( - ) အပိုဒ် ၅၄ အပိုဒ်ခွဲ (က) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၄။(က) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်

( - ) အပိုဒ် ၅၄ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) ရှိ ဝိသေသလက္ခဏာများ၊ ဆိုသည့် စကားရပ်ကို ဝိသေသလက္ခဏာများနှင့် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၅ အပိုဒ်ခွဲ(ဂ) ရှိ အများပြည်သူဆိုင်ရာ မူဝဒနှင့် ဆိုသည့်စကားရပ်ကို အများပြည်သူဆိုင်ရာမူနှင့် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၆ ခြေဆင်းရှိ မည်သူမဆို သို့မဟုတ် မည်သည့်သက်ဆိုင်ရာဌာန၊ ဆိုသည့်စကားရပ်ကို မည်သူမဆို သို့မဟုတ် သက်ဆိုင်ရာဌာန ဟု ပြင်ဆင်ပါ သည်။

( - ) အပိုဒ် ၅၆ အပိုဒ်ခွဲ(ဂ) ရှိ ပြည်ပဆိုင်ရာအညွှန်းများ ဆိုသည့်စကားရပ်ကို ပြည်ပဒေသ ဆိုင်ရာ အညွှန်းတစ်ရပ်ရပ်ဖြစ်ခြင်း ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဃ) ရှိ အများပြည်သူ ဆိုင်ရာမူဝါဒ ဆိုသည့်စကားရပ်ကို အများပြည်သူဆိုင်ရာမူ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၇ အပိုဒ်ခွဲ(က)ရှိ ဝိသေသလက္ခဏာများနှင့် ပြည့်စုံရမည် ဖြစ်သည် ဆိုသည့် စကားရပ်ကို ဝိသေသလက္ခဏာများနှင့် ပြည့်စုံရမည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၇ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂) ရှိ ဒေသဆိုင်ရာအညွှန်းကို အသုံးပြုခြင်း တစ်ရပ်ရပ် ဆိုသည့်စကားရပ်ကို ဒေသဆိုင်ရာအညွှန်းကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၇ အပိုဒ်ခွဲ(ဃ) ရှိ နယ်ပယ် ဆိုသည့်စကားရပ်များကို နယ်နိမိတ် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၈ အပိုဒ်ခွဲ(က)ရှိ ကိုက်ညီမှုရှိမရှိ စစ်ဆေးရမည်ဖြစ်ပြီး အကယ်၍ လိုအပ်ချက်အားလုံး ပြည့်စုံပါက ဆိုသည့်စကားရပ်ကို ကိုက်ညီမှုရှိပါက ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ) နှင့်(ဂ) တို့ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(ခ) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် အမှတ်တံဆိပ်၏ ကန့်ကွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုအပ်သလို အသုံးပြုနိုင်သည်။

**မူကြမ်း**

(ဂ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်ကို လက်ခံရရှိခြင်း မရှိလျှင်သော်လည်းကောင်း၊ ကန့်ကွက်ချက်ကို ငြင်းပယ်ခဲ့လျှင် သော်လည်းကောင်း ဒေသဆိုင်ရာ အညွှန်းကို မှတ်ပုံတင်ပေးရမည်။

( - ) အပိုဒ် ၅၉ အပိုဒ်ခွဲ(က)၊ (ခ) နှင့်(ဂ)တို့ကို ပယ်ဖျက်၍ အပိုဒ် ၅၉ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၅၉။ မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်း၏ သက်တမ်းသည် ၎င်းကို အကာအကွယ်ပေးရန် ခွင့်ပြုခဲ့သည့် ထူးခြားသော ဝိသေသလက္ခဏာများ၊ အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှုများ တည်ရှိနေသရွေ့ ဤဥပဒေ အရ အကာအကွယ် ရရှိစေရမည်။

( - ) အပိုဒ် ၆၀ အပိုဒ်ခွဲ(က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၆၀။(က) ဒေသဆိုင်ရာ အညွှန်းတစ်ရပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင် လျှောက်ထားပြီးနောက် အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထား လာလျှင် ပုဒ်မ ၅၇ ကို ချိုးဖောက်၍ဖြစ်စေ၊ တူညီသော ထုတ်ကုန် နှင့်ဆက်စပ်၍ဖြစ်စေ အသုံးပြုသော အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း အား မှတ်ပုံတင်အရာရှိက ငြင်းပယ်ရမည်။

( - ) အပိုဒ် ၆၀ အပိုဒ်ခွဲ (ဂ) ရှိ အဆိုပါကိစ္စရပ်များတွင် ဒေသဆိုင်ရာအညွှန်း အသုံးပြုမှုကို ဆိုသည့်စကားရပ်ကို မှတ်ပုံတင်အရာရှိသည် အဆိုပါကိစ္စရပ်များအတွက် ဒေသဆိုင်ရာအညွှန်း အသုံးပြုမှုကို ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၆၂။ ဒေသဆိုင်ရာအညွှန်း၏ အခွင့်အရေးများထိပါး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် သတ်မှတ်ချက်များအား ဖောက်ဖျက်ပါက အမှတ်တံဆိပ်အခွင့်အရေး ထိပါးချိုးဖောက်မှုများ၏ အရေးယူမှုဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

( - ) အခန်း(၁၇) အပိုဒ် ၆၃ အပိုဒ်ခွဲ(က) ရှိ မှတ်ပုံတင်ခြင်း မပြုသော်လည်း ဆိုသည့် စကားရပ်ကို မှတ်ပုံတင်ခြင်းမပြုသော်လည်းကောင်း ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၉) အပိုဒ် ၆၅ အပိုဒ်ခွဲ(ဂ) ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(ဂ) ပုဒ်မခွဲ(ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အငြင်းစီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

( - ) အပိုဒ် ၆၆ ရှိ မူပိုင်ခွင့်တရားရုံးသို့ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားနိုင်သည် ဆိုသည့်စကားရပ်ကို မူပိုင်ခွင့်တရားရုံးသို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၇ အပိုဒ်ခွဲ(င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(င) အေဂျင်စီ သို့မဟုတ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အယူခံမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

( - ) အခန်း(၂၁) အပိုဒ် ၆၈ ရှိ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆိုသည့်စကားရပ်ကို အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)နှင့်(၂)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(၁) ပုဒ်မ ၆၈ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကို စိစစ်ရန် လိုအပ်သော သတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့်ရက်မှ ၁၅ ရက်အတွင်း သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့ရန် ယင်း၏ ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

( - ) အပိုဒ် ၆၉ အပိုဒ်ခွဲ(ခ) ရှိ အခွင့်အရေးရရှိသူသည် ဆိုသည့်စကားရပ်ကို လျှောက်ထားသူဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၀ အပိုဒ်ခွဲ(က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇၀။(က) အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၆၉ အရ လျှောက်ထားချက်ကို လက်ခံပြီးနောက်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရဖြစ်စေ အမှတ်တံဆိပ်အတုကို အသုံးပြု၍ တင်သွင်းသော ကုန်ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့် အထောက်အထားများရှိလျှင် အဆိုပါကုန်ပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့

ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

( - ) အပိုဒ် ၇၀ အပိုဒ်ခွဲ(ခ) ရှိ တင်သွင်းသူတို့ကို ဆိုသည့်စကားရပ်ကို တင်သွင်းသူတို့အား ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၁ အပိုဒ်ခွဲ(က) နှင့်(ခ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇၁။(က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေး အကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း လျှောက်ထားသူက အမှုကိစ္စအမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံးမှ ကုန်ပစ္စည်းစီးဆင်းမှု ဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားခဲ့ခြင်း မရှိလျှင် ယင်းကုန်ပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သော ကိစ္စရပ်များတွင် ထိုသတ်မှတ်သည့် အချိန်ကာလကို ၁၅ ရက် မကုန်ဆုံးမီ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ၁၅ ရက် ထပ်မံတိုးနိုင် သည်။

(ခ) ပျက်စီးလွယ်သော ပစ္စည်းဖြစ်ပါက သတ်မှတ်ကာလသည် သုံးရက်ဖြစ်သည်။

( - ) အပိုဒ် ၇၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇၂။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကို မကျေနပ်ပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့်တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေးတောင်းဆိုသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းပြုလုပ်ရမည်။

( - ) အပိုဒ် ၇၅ ရှိ ကုန်ပစ္စည်းတင်သွင်းသူက ဆိုသည့်စကားရပ်ကို တင်သွင်းသူက ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၂၂) အပိုဒ် ၇၇ အပိုဒ်ခွဲ(က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇၇။ (က) အခွင့်အရေးရရှိသူသည် ပုဒ်မ ၇၉ နှင့် ၈၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နစ်နာမှုအတွက် တရားမကြောင်းအရ ယာယီအရေးယူ ဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

( - ) အပိုဒ် ၇၉ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(ဃ) မူပိုင်ခွင့် တရားရုံးသည် လျှောက်ထားသူ တောင်းဆိုခဲ့သည့် ယာယီအရေးယူ ဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှု အပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို မူပိုင်ခွင့် တရားရုံးက သတ်မှတ်ထားသည့် ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူ ဆောင်ရွက်ရန် အမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်းမရှိလျှင် ပုဒ်မ ၈၀၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၇၉၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၈၀၊ ပုဒ်မခွဲ(က) တို့အရ ချမှတ်ထားသော ယာယီ အရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

( - ) အပိုဒ် ၈၀ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)နှင့် အပိုဒ်ခွဲ(ဂ)တို့ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည် -

၈၀(ခ)(၂)။ မူပိုင်ခွင့် တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူ ဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(ဂ) တစ်ဆင့်မြင့် မူပိုင်ခွင့်တရားရုံးသည် ယင်းယာယီအရေးယူ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်း တစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

( - ) အပိုဒ် ၈၁ အပိုဒ်ခွဲ(က)ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)တို့ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည် -

၈၁။(က) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ မူပိုင်ခွင့် တရားရုံးသည် ပုဒ်မ ၇၇ ပုဒ်မခွဲ(ခ)အရ စွဲဆိုမှုတွင် အောက်ပါအမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(၁) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန် အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့် အမှတ်တံဆိပ် မူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေး ထိပါးချိုးဖောက်ထား

သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးခြင်း အပါအဝင် အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါး ချိုးဖောက်မှုအတွက် တားမြစ်သည့်အမိန့်၊

( - ) အပိုဒ် ၈၃ အပိုဒ်ခွဲ(ခ) ခြေဆင်းရှိ တရားရုံးသည် ဆိုသည့်စကားရပ်ကို မူပိုင်ခွင့် တရားရုံးသည်ဟု ပြင်ဆင်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၈၆ ကို ပယ်ဖျက်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အခန်း(၂၃) အပိုဒ် ၈၈ ခြေဆင်းကို အခန်း (၂၃) အပိုဒ် ၈၇ အပိုဒ်ခွဲ(က) ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈၇။(က) မည်သူမဆို စီးပွားရေးအလို့ငှာ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

( - ) အပိုဒ် ၈၇ အပိုဒ်ခွဲ(ခ) ခြေဆင်းအဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည်-

(ခ) မည်သူမဆို စီးပွားရေးအလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၈၉ ကို အပိုဒ် ၈၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈၈။ မည်သူမဆို ပုဒ်မ ၈၇ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ၁၀ နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ် ချမှတ်နိုင်သည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၉၃ ကို အပိုဒ် ၉၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၉၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်း ပါဝင်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်းချမှတ်ခြင်းခံရမည်။

**မူကြမ်း**

( - ) အခန်း(၂၄) အပိုဒ် ၉၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၉၄ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ခ) အမှတ်တံဆိပ်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေအရသာ အရေးယူရမည်။

( - ) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၉၈ ကို ပယ်ဖျက်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၉၉ ကို အပိုဒ် ၉၇ အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည် -

၉၇။ မူပိုင်ခွင့်တရားရုံးသည် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သောကိရိယာ တန်ဆာပလာများ အပါအဝင် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်း များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန် သင့်လျော်သည်ဟု ထင်မြင်သည့် စီမံခန့်ခွဲမှု အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၀၃ ကို အပိုဒ် ၁၀၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၀၁။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၀၈ အပိုဒ်ခွဲ(က) ကို အပိုဒ် ၁၀၆ အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)နှင့် အပိုဒ်ခွဲ(ဂ) တို့ရှိ နည်းဥပဒေများ ဆိုသည့်စကားရပ်ကို နည်းဥပဒေ ဟု အသီးသီးပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၆-၁၁-၂၀၁၈ ရက် (တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မှုကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၂၀.၁၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Soe Aung



U Zaw Min Thein

pyithu.hluttaw.mm



U Kyaw Myo



U Sai Ngaung Seng Hein

pyithu.hluttaw.mm



U Kyaw Myo



Dr Maung Thin

pyithu.hluttaw.mm



U Kyaw Myo



U Myo Zaw Oo

pyithu.hluttaw.mm



U Kyaw Myo



U Myo Zaw Aung

pyithu.hluttaw.mm



U Kyaw Myo



U Oo Tun Maung

pyithu.hluttaw.mm



U Kyaw Myo



U Maung Maung Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်